# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်    ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့    အတွဲ [၅၅]၊ အမှတ် [၀၅၆]


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။
မကောင်းသဖြင့် မကျင့်ရာ။
သူတော်ကောင်းတရားကို ကျင့်သောသူသည်
ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌
လည်းကောင်း ချမ်းသာစွာနေရ၏။
(ဓမ္မပဒ)



## တာဝန်လွှဲပြောင်းရေးကိစ္စရပ်များ အောင်မြင်စွာ ဖြစ်ပေါ်လာရေးနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးဆွေးနွေး


စာမျက်နှာ - ၃



ယနေ့ မာတိကာ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ အအေးလှိုင်းဖြတ် စာ » ၄

အားလုံး ပြောင်းလဲချိန်တန်ပါပြီ
ဆောင်းပါး စာ » ၆

နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်ရှစ်ဦးကို လာမည့် နိုဝင်ဘာ ၂၇ ရက်တွင် အတည်ပြုရွေးချယ်မည် စာ » ၁၀

viber မှ တစ်ဆင့် နှစ်နှစ်ကြာ ရင်းနှီးခဲ့သူက တွေ့ဆုံရန်ချိန်းဆိုပြီး ပစ္စည်းလုယက်ထွက်ပြေး စာ » ၁၃





**အကြမ်းဖက်လုပ်ရပ်များ အလိုမရှိ**

ကချင်ပြည်နယ်ဒေသစုံမှ ရှမ်းတိုင်းရင်းသားများနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ရှမ်းနီတိုင်းရင်းသား အင်အား ၁၅၀၀ တို့က မြစ်ကြီးနားမြို့တွင် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရယူကာ လူ့အခွင့်အရေးချိုးဖောက်နေသည့် လက်နက်ကိုင် KIA အလိုမရှိ၊ လက်နက်အားကိုး အကြမ်းဖက်လုပ်ရပ်များ အလိုမရှိ စသည့်ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေမှုကို မြင်တွေ့ရစဉ်။ (ဓာတ်ပုံ-မြစ်ကြီးနားသား)

## စစ်ပွဲများရပ်ရန် ရှမ်းလူမျိုးများစုပေါင်းကာ မန္တလေးတွင် ဆန္ဒထုတ်ဖော်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့ရှိ ရှမ်းလူမျိုးများနှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့နှင့် စစ်ပွဲများရပ်ရန် လိုလားသူများ စုပေါင်းကာ စစ်ပွဲများရပ်ရန် ဆန္ဒထုတ်ဖော်ခြင်းကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုချက်ရယူကာ မနော်ရမ္မ လူထုဆန္ဒဖော်ထုတ်ကွင်း၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စစ်ပွဲများရပ်ဆိုင်းရန် ဆန္ဒထုတ်ဖော်သူများသည် "ပြည်တွင်းစစ်ရပ်၊ စစ်ပွဲများချက်ချင်းရပ်၊ စစ်ပွဲသည် အဖြေမဟုတ်၊ လူသားချင်းစာနာပါ" ဟူသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ


စာမျက်နှာ ၁၁ ကော်လံ ၅ ◆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

ရွှေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ့်ငြိမ့်သဲသဲအောင်မြင်စွာ ကျင်းပလို့အပြီး လမ်းအသီးသီး၊ အိမ်အသီးသီး၊ မြို့ရွာအသီးသီးတို့တွင် အေးချမ်းပျော်ရွှင်စွာဖြင့် စုပေါင်းကထိန်ပွဲများကျင်းပနိုင်ရေး ပြင်ဆင်ကြလျက်ရှိပါသည်။ ကထိန်ပွဲသည် တစ်ဦးတစ်ယောက်ချင်းထက်အများစုပေါင်းကာ မြို့အလိုက်၊ ရွာအလိုက်၊ လမ်းအလိုက်၊ အသင်းအဖွဲ့များအလိုက်၊ ဌာနဆိုင်ရာရုံးများအလိုက်၊ ဈေးများအလိုက် ပျော်ပျော်ပါးပါး စုပေါင်းပြုလုပ်သော အလှူဒါနပွဲကြီးဖြစ်ပါသည်။

တန်ဆောင်မုန်းလသည် မြန်မာလူမျိုးတို့အတွက် ထူးခြားသော ကုသိုလ်ပြုရေးလတစ်လဖြစ်၍ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစပြီး စုပေါင်းကထိန်ပွဲများ ငြိမ့်ငြိမ့်သဲသဲ စည်စည်ကားကားကျင်းပနိုင်ရေး လမ်းအသီးသီးတို့၌ ပဒေသာပင်များသီးနေကြပြီဖြစ်ပါသည်။ ပဒေသာပင်များတွင် မိမိတို့တတ်နိုင် သရွေ့ ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်း၊ သပိတ်အစရှိသဖြင့် လှူဒါန်းလေ့ရှိကြပါသည်။ ကထိန်အလှူ၊ ကထိန်သင်္ကန်းသည် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လှူဒါန်းရခြင်းဖြစ်သည့်အတွက် ကာလဒါနအလှူပွဲကြီးလည်း ဖြစ်ပါသည်။ အခြားအခြားသော အလှူဒါနများကို အချိန်အခါမရွေးပြုလုပ်နိုင်သော်လည်း ကထိန်အလှူပွဲမှာ အချိန်အခါကိုလိုက်၍ လှူဒါန်းရခြင်းဖြစ်သည့်အတွက် မြတ်သောအလှူဒါနပွဲကြီးလည်း ဖြစ်ပါသည်။

ဤသို့ ကာလဒါနကထိန်အလှူ၊ ကထိန်သင်္ကန်းများကို လှူဒါန်းရခြင်းကြောင့် ရဟန်းသံဃာတော်များသာထူးခြားသော အကျိုးကျေးဇူးကိုရရှိနိုင်သည်မဟုတ်ဘဲ ကထိန်သင်္ကန်းလှူဒါန်းသူဒါယိကာ၊ ဒါယကာမများလည်း အကျိုးထူး၄ါးမျိုးရရှိနိုင်ကြောင်း မှတ်သားဖူးပါသည်။ ကထိန်သင်္ကန်း၊ ကထိန်အလှူကို လှူဒါန်းရသော အကျိုးအားကြောင့် အတားအဆီးမဲ့စွာ လွတ်လပ်စွာ လိုရာခရီးကိုသွားလာနိုင်ခြင်း၊ တာဝန်ကြီးငယ်ကိစ္စများ ပေါ့ပါးသွက်လက်စွာဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း၊ အဝတ်တန်ဆာများပေါများကြွယ်ဝခြင်း၊ အစားအစာများပေါကြွယ်ဝခြင်း၊ မိမိပိုင်ပစ္စည်းများ မပေးဘဲသူများမယူနိုင်ခြင်းစသောအကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။ ဤသို့ထူးခြားသောကုသိုလ်ထူးများကို ကထိန်သင်္ကန်းလှူဒါန်းရခြင်း(ဝါ) ကာလဒါနပြုခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များအဖို့ ဝါဆိုသင်္ကန်းနှင့် ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် ထူးခြားသောကုသိုလ်များ ရရှိနိုင်မည်ဖြစ်ပါသည်။ ကထိန်ခင်းခြင်း၊ စုပေါင်းကထိန်ပွဲ ပြုလုပ်ခြင်းသည် တစ်နှစ်လျှင် တစ်ကျောင်း၊ တစ်ကျောင်းလျှင်တစ်ကြိမ်သာပြုလုပ်ခွင့်ရှိကြောင်းလည်း သိရပါသည်။

ဤသို့ထူးခြားသော ကုသိုလ်ပွဲကြီးနှင့်အတူ လမ်းအသီးသီး၊ အိမ်အသီးသီးတို့တွင်လည်း တန်ဆောင်တိုင်မီးထွန်းပွဲများ ပျော်ပျော်ပါးပါးပြုလုပ်လေ့ရှိပါသည်။ သို့ပါ၍ ကထိန်ပွဲကြီးနှင့်အတူ မီးထွန်းပွဲသည် ရတနာမှာစိန်၊ ကျောင်းမှာသိမ်၊ အလှူမှာကထိန်ဆိုသည့်အတိုင်း ထူးခြားမြင့်မြတ်သော ကာလဒါနအလှူပွဲကြီးပင်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အမျိုးသား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မဟာဗျူဟာ ပေါ်ထွက်လာရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သာမက နိုင်ငံသားများအားလုံးနှင့် သက်ဆိုင်သည့် အမျိုးသား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မဟာဗျူဟာ (National Intellectual Property Strategy)ပေါ်ထွက်လာရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၌ အမျိုးသား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မဟာဗျူဟာ ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization- WIPO) မှ ကျွမ်းကျင်ပညာရှင်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အစိုးရမဟုတ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီး လိုအပ်သော အချက်အလက်များကို ရယူခဲ့ကြောင်း၊ ယင်းအချက်အလက်များ အပေါ်အခြေခံ၍ WIPO မှ မြန်မာနိုင်ငံတွင် အမျိုးသားအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မူဝါဒများ ပေါ်ထွက်လာရေးအတွက် ပထမအကြိမ် အစီရင်ခံစာမူကြမ်းကို ပေးပို့လာပြီး ယင်းမူကြမ်းအပေါ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ သဘောထားမှတ်ချက်များကို တောင်းခံထားပြီးဖြစ်၍ WIPO မှ ပေးပို့လာသော အစီရင်ခံစာမူကြမ်းတွင် ထပ်မံထည့်သွင်းလိုသည့် အချက်အလက်များနှင့် အကြံပြုချက်များရှိပါက ထည့်သွင်းနိုင်ရန်နှင့် မူကြမ်းတွင် ပါဝင်သော အချက်အလက်များအား ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ယခုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အမျိုးသား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မဟာဗျူဟာ (National Intellectual Property Strategy)ပေါ်ထွက်လာရေးအတွက် အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှ ကူညီပံ့ပိုးပေးပြီး သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဖြစ်သော ကုန်အမှတ်တံဆိပ်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲပြီး အတည်ပြုနိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



# အမေရိကန်သံရုံးအသေးစားငွေကြေးထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဒီမိုကရေစီနည်းလမ်းနှင့်အညီ မျှတကောင်းမွန်သည့် လူ့ဘောင်အသိုင်းအဝိုင်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသေးစားငွေကြေးထောက်ပံ့ခြင်းအခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံး၌ နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်းသံရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါထောက်ပံ့မှုကို လျှောက်ထားခဲ့သည့် အရပ်ဘက်လူ့အဖွဲ့အစည်းများထဲမှ အဖွဲ့အစည်း ရှစ်ခုကို ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ရွေးချယ်မှုတွင် မကြာသေးမီက နိုင်ငံအတွင်းရေလွှမ်းမိုးမှုတွင် ပါဝင်ခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊မကွေးတိုင်းဒေသကြီးတို့ ပါဝင်ကြောင်း သိရသည်။

ထောက်ပံ့မှုတွင်အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပညာပေးမြှင့်တင်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာအသိပညာရွှေ့လျားသင်တန်းများပေးခြင်း၊ လူမှောင်ခိုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေး အစရှိသည့် အခန်းကဏ္ဍများအတွက် အမေရိကန်သံရုံး၏ အသေးစားထောက်ပံ့ခြင်းအစီအစဉ်ကို ၂၀၀၅ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းအထိ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၂.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆.၈၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၂၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၈၃ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃.၂၄ |

ခင်ရတနာ-စုစည်းသည်။

၁၆-၁၁-၂၀၁၅ မှ ၂၀-၁၁-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၅၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၅၄ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)



# တာဝန်လွှဲပြောင်းရေးကိစ္စရပ်များ အောင်မြင်စွာဖြစ်ပေါ်လာရေးနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ် အာရပ်စ်ဆဲလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီးမှုနှင့် တာဝန်လွှဲပြောင်းရေးကိစ္စရပ်များ ချောမွေ့အောင်မြင်စွာ ဖြစ်ပေါ်လာရေးဆောင်ရွက်နေမှု၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# အစိုးရသစ်သို့တာဝန်လွှဲပြောင်းရန်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Daniel R. Russel နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေ၊ ကျန်ရှိသောအစိုးရ အဖွဲ့သက်တမ်းအတွင်း ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် အစိုးရသစ်သို့တာဝန် လွှဲပြောင်းရန် ပြင်ဆင်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ် ပြည်သူများအစုအဖွဲ့ပိုင် သစ်တောတည်ထောင်နိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်အား United Nations Office on Drugs and Crime (UNODC) မှ Country Manager ဖြစ်သူ Mr.Troels Vester နှင့် Administrative Associate ဖြစ်သူ ဒေါ်ဂျက်ကလင်းဖေကျော်တို့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် သစ်တောဦးစီးဌာနရှိ ဒုတိယဝန်ကြီးဧည့်ခန်းမ၌လာရောက် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် သစ်တောဦးစီးဌာနနှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘိန်းစိုက်ပျိုးမှုတိုင်းတာရေးလုပ်ငန်းများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ သစ်တောထွက်ပစ္စည်းများ တရားမဝင်ခိုးထုတ်မှုတားဆီးရေးနှင့် တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရှမ်းပြည်နယ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင် နိုင်ရေးစသည်တို့နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သွားဘက်ဆိုင်ရာဆေးပညာတိုးတက်ပြန့်ပွားရေး ဂျပန်နိုင်ငံမှလာရောက်ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၄**

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ပြန့်ပွားရေးအစီအစဉ်အဖြစ် ဂျပန်နိုင်ငံ အိုကာရာမာ တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်သူ ဒေါက်တာကိုကီကာနီသည် ယနေ့နံနက်ပိုင်းတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ "New Manufacturing Method: Pure titanium denture base" ခေါင်းစဉ်ဖြင့် လာရောက်ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားသင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# ဆောင်းသီးနှံ စိုက်ပျိုးစရိတ် စတင်ထုတ်ချေး

**ကျွန်းလှ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ၂၀၁၅ခုနှစ် ဆောင်းသီးနှံထုတ်လုပ်မှု စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းကို နိုဝင်ဘာ၂၃ရက်က စတင်ထုတ်ချေးပေးကြောင်း သိရသည်။ အဆိုပါချေးငွေထုတ်ချေးပေးရာတွင် မကျီးအင်းကျေးရွာအုပ်စုမှ တောင်သူ၂၆၂ဦးကို ယာသီးနှံ ၁၀၂၃ဧကအတွက် တစ်ဧကနှစ်သောင်းနှုန်းဖြင့် ချေးငွေကျပ်သိန်း၂၀၄၆၀၀၀၀ထုတ်ချေးပေးပြီး ကျေးရွာ၁၂အုပ်စုအား ဧကတစ်သောင်းအတွက် ငွေကျပ် သိန်းနှစ်ထောင်ထုတ်ချေးရန်လျာထားကြောင်း မြို့နယ်မန်နေဂျာက ပြောကြားသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပြင်ဆင်ပြောင်းလဲကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၉၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပြင်ဆင်ပြောင်းလဲကြေညာခြင်း

၁။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁၂-၁၁-၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ်(၅၃/၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာချက်အရ ဦးစိုင်းဆာလူ [၁၃/ကခန(နိုင်)၀၀၂၄၃၃] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၅)၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၂ -၁၁-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၈၀/၂၀၁၅) ဖြင့် ထပ်ဆင့်ကြေညာပေးခဲ့ပါသည်။

၂။ သို့ရာတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ၂၃-၁၁-၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ်(၁၆၄/၂၀၁၅) ဖြင့် ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၅) တွင် ဆန္ဒမဲအများဆုံးဖြင့် ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးညီစိန်၊ တအာင်း(ပလောင်)အမျိုးသားပါတီဖြစ်ကြောင်း ပြင်ဆင်ပြောင်းလဲ၍ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅) တွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ **ဦးညီစိန် [၁၃/ နခန(နိုင်) ၀၁၈၇၄၇] တအာင်း(ပလောင်) အမျိုးသားပါတီ** ဖြစ်ကြောင်း ပြင်ဆင်ပြောင်းလဲကြေညာလိုက်သည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှစပြီး ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင် ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ နံနက် ၇ နာရီအထိချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၇နာရီမှ နံနက် ၉ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ရခိုင် ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကယား ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ည ၈ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ည ၉ နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ ည ၉ နာရီမှ ည ၁၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ည ၁၁ နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြင်သစ်ဂျက်တိုက်လေယာဉ်များ အိုင်အက်စ်တို့ကို တိုက်ခိုက်

**ပါရီ နိုဝင်ဘာ ၂၄**

ပါရီမြို့တိုက်ခိုက်မှုအပြီး ဗြိတိန်က ပြင်သစ်တို့အား ဆိုက်ပရပ်စ်ရှိ လေဆိပ်ကို အသုံးပြုရေးကမ်းလှမ်းနေချိန်ချားလ်ဒီဂေါလေဆိပ်မှ ပြင်သစ်ဂျက်တိုက်လေယာဉ်များသည် အီရတ်နှင့်ဆီးရီးယားတို့ရှိအိုင်အက်စ်တို့၏ပစ်မှတ်များကို တနင်္လာနေ့က တိုက်ခိုက်လျက်ရှိသည်။


အိုင်အက်စ်ချေမှုန်းရေးအစိတ်အပိုင်းအဖြစ် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းနှင့်ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပြင်သစ်သမ္မတ ဟော်လန်းအနေဖြင့် ယခုသီတင်းပတ်အတွင်း ဝါရှင်တန်နှင့် မော်စကိုမြို့များသို့ သွားရောက်မည်ဖြစ်သည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအနေဖြင့် ဝေဟင်တွင် ဆီဖြည့်သည့်ဝန်ဆောင်မှုကို ကမ်းလှမ်းခဲ့သည့်အပြင် ပါလီမန်တွင် မဲခွဲဆုံးဖြတ်ပြီးပါက ဆီးရီးယားရှိ အိုင်အက်စ်တို့အား ပြင်သစ်တို့နှင့်အတူ လေကြောင်းမှ ပါဝင် ပူးပေါင်းတိုက်ခိုက်သွားမည်ဟု ဆိုသည်။

ပါရီမြို့တွင် နိုဝင်ဘာ ၁၃ ရက်က ဗုံးခွဲတိုက်ခိုက်မှုအတွင်းလူပေါင်း ၁၃၀ ကျော်သေဆုံးခဲ့ပြီးနောက် ဆီးရီးယားတွင်လည်း ဗုံးကြဲတိုက်ခိုက်မှုများ ပြင်းထန်လာသည်။ မြေထဲပင်လယ်အရှေ့ပိုင်းမှ ပျံတက်လာသော ရုရှားလေယာဉ်များသည် အီရတ်မြေပြင်တပ်များကို ထောက်ပံ့ကူညီရန် တနင်္လာနေ့က အီရတ်ရှိ ရာမာဒီနှင့် မိုဆူးလ်မြို့များရှိ ပစ်မှတ်များကို တိုက်ခိုက်ပေးလျက်ရှိသည်။ **(ရိုက်တာ)**

# ဂျပန်နိုင်ငံ၏ပထမဆုံး စီးပွားရေးဂြိုဟ်တုလွှတ်တင်

**တိုကျို နိုဝင်ဘာ ၂၄**



ကနေဒါကုမ္ပဏီတစ်ခုအတွက် ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသော ဂျပန်ဒုံးပျံတစ်စင်းကို အာကာသထဲသို့ လွှတ်တင်လိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၎င်းသည် ဂျပန်နိုင်ငံ၏ပထမဆုံး စီးပွားရေးအရလွှတ်တင်လိုက်သော ဂြိုဟ်တုဖြစ်သည်။

H2A ဒုံးပျံကို ဂျပန်နိုင်ငံ တောင်ပိုင်းရှိ တနီဂါရှီမာ အာကာသစင်တာမှ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် လွှတ်တင်လိုက်ခြင်းဖြစ်သည်။

ဒုံးပျံလွှတ်တင်ပြီး ၄ နာရီအကြာ အမြင့်ပေ ၃၄၀၀၀ ကီလိုမီတာ အရောက်တွင် ဆက်သွယ်ရေးဂြိုဟ်တုကို ဖြုတ်ချနိုင်ရန် အင်ဂျင်နီယာများက စီစဉ်ထားကြောင်း သိရသည်။ ဒုံးပျံ ပျံသန်းချိန်ကို ခါတိုင်းထက် ပိုမိုကြာမြင့်မည်ဟု ခန့်မှန်းထားသည်။ **(အင်န်အိတ်ချ်ကေ)**

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ အအေးလှိုင်းဖြတ်


**ပေကျင်း နိုဝင်ဘာ ၂၄**

ပြင်းထန်သော အအေးလှိုင်းတစ်ခုသည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းကို ဖြတ်သွားကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

မိုးလေဝသဆိုင်ရာ တာဝန်ရှိသူများက ဆင်ကျန်၊ ဂန်ဆုနှင့် မွန်ဂိုလီးယားအတွင်းပိုင်းဒေသများအပါအဝင် အအေးလှိုင်းဖြတ်သန်းသွားသော ဒေသများတွင် အပူချိန်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ အချို့ဒေသများတွင် အပူချိန်သည် ၁၀ ဒီဂရီ ဆဲလ်စီးရပ်အထိကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနင်ပြည်နယ် ကျန်ဖူးမြို့နှင့် အခြားဒေသအများအပြားတွင်လည်း တနင်္လာနေ့က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းရှိ ဒေသ အများအပြားတွင် မီးခိုးများ ဆက်လက်အုံ့ဆိုင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအား ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန် အကြံပေးလှုံ့ဆော်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**



**နိုဝင်ဘာ ၂၃ ရက်က တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ် ရှန်ယန်မြို့တော်တွင် အအေးလှိုင်းဖြတ်သန်းသွားသဖြင့် အဆောက်အအုံများ လမ်းများနှင့် မော်တော်ယာဉ်များ ဆီးနှင်းများ ဖုံးလွှမ်းထားသည်ကို တွေ့ရစဉ်။**

# ဗြိတိန်နှင့် ပြင်သစ် လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် သဘောတူ

**မော်စကို နိုဝင်ဘာ ၂၄**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းနှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့သည် ဆီးရီးယားရှိ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်မှုများတိုးမြှင့်ပြုလုပ်ရန် သဘောတူခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် သေဆုံးသူများအတွက် ဆုတောင်းရန် နိုဝင်ဘာ ၁၃ ရက်က တိုက်ခိုက်ခံရသော ပြင်သစ်နိုင်ငံပါရီမြို့ရှိ ကပွဲခန်းမသို့ တနင်္လာနေ့က ရောက်ရှိခဲ့ကြသည်။


ထို့နောက် ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းနှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့သည် သမ္မတရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို တန်ပြန်တိုက်ခိုက်မှုပြုလုပ်ရန်နှင့် အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်သည့် စစ်ဆင်ရေးများပြုလုပ်ရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပြီးနောက် ပြုလုပ်သောပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းက စစ်သွေးကြွများကို ဖြစ်နိုင်သလောက် အကြီးအကျယ်ထိခိုက်ပျက်စီးမှုများဖြစ်အောင် ထိုးစစ်များကို အရှိန်မြှင့် ပြုလုပ်သွားမည်ဖြစ်ကြောင်းပြောခဲ့သည်။ ထို့အပြင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရာတွင် လေကြောင်းတိုက်ခိုက်မှုများ ပူးတွဲပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဥရောပနိုင်ငံများကြား အကြမ်းဖက်သံသယရှိသူများကို ခြေရာခံစုံစမ်းထောက်လှမ်းမှုများကို တိုးမြှင့်လုပ်ဆောင်ရန်လည်း သဘောတူခဲ့ကြသည်။

ထို့အပြင် လက်နက်မှောင်ခိုရောင်းဝယ်မှုကိုလည်း ဖြိုခွဲနှိမ်နင်းရန်လည်း သဘောတူခဲ့ကြသေးသည်။ ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အင်္ဂါနေ့တွင် တွေ့ဆုံရန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ကြာသပတေးနေ့တွင် တွေ့ဆုံရန် မျှော်လင့်ထားသည်။

ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းသည် စစ်သွေးကြွများကို နှိမ်နင်းရန် နိုင်ငံတကာအဖွဲ့များနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားနေသည်။ **(အင်န်အိတ်ချ်ကေ)**




# အိုင်အက်စ်ဆီတင်ယာဉ် ၁၀၀၀ ကို ရုရှားလေကြောင်းမှ တိုက်ခိုက်ဖျက်ဆီး

**ဒမတ်စကတ် နိုဝင်ဘာ ၂၄**

အိုင်အက်စ်အုပ်စုက ခိုးယူထားသည့် ဆီတင်ယာဉ်အစီး ၁၀၀၀ ကို ရုရှားတို့က လွန်ခဲ့သော ငါးရက်အတွင်း လေကြောင်းတိုက်ခိုက်မှုဖြင့် ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ၎င်းတို့အား ဆီးရီးယားမြောက်ပိုင်းအယ်လ်ရက်ကွာ၌ တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ရုရှားလေကြောင်းတိုက်ခိုက်မှုများကြောင့် အိုင်အက်စ်မြို့တော် အယ်လ်ရက်ကွာ တောင်ပိုင်းရှိ ရေနံချက်စက်ရုံမှာလည်း ပျက်စီးသွားခဲ့ကြောင်း ဆီးရီးယားစစ်ဘက် သတင်းရပ်ကွက်ကို ကိုးကားပြီး ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုသည် ရုရှားက ဆီးရီးယားရှိ အိုင်အက်စ်တို့အား တိုက်ခိုက်မှုအနက် နောက်ဆုံးတိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။ အိုင်အက်စ်တို့အနေဖြင့် ဆီးရီးယား၌ အကြမ်းဖက်မှုများပြုလုပ်ရာတွင် လိုအပ်သောငွေကြေးကို ရေနံပေါ်တွင် မှီခိုအားထားနေရသည်ဟု ဆိုသည်။ ရုရှားတို့အနေဖြင့် စက်တင်ဘာလကတည်းက ဆီးရီးယားရှိ အိုင်အက်စ်တို့အား လေကြောင်းမှတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ သတင်းထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျေးရွာမြေများ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအထူးလုပ်ငန်းအဖွဲ့**
**သတင်းထုတ်ပြန်ကြေညာချက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်)**
**(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယင်းတို့၏လိုလားချက်၊ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူလူထုအနေဖြင့် ကျေးရွာမြေအတွင်းနေထိုင်ကြသော်လည်း ပိုင်ဆိုင်မှုအထောက်အထားမရှိသဖြင့် ဥပဒေနှင့်အညီ ခိုင်မာသောအထောက်အထား (Legal Document) ဖြစ်သည့် မြေငှားဂရန်(မြေငှားစာချုပ်)ကို အထောက်အထားခိုင်မာစွာဖြင့် မြို့ပြဒေသများနည်းတူ ပိုင်ဆိုင်နေထိုင်နိုင်ရန်အတွက် စီမံချက်ချမှတ်၍ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၄၁ မှ နည်းဥပဒေ ၄၉(ခ)အထိနှင့် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၇၉ (က)မှ နည်းဥပဒေ ၇၉ (ဠ)အထိတို့တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၅)ဖြင့် ကျေးလက်နေပြည်သူများပိုင်ဆိုင်နေထိုင်ကြသည့် နေအိမ်ဝိုင်းများကို မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးတစ်ဦးစီမှ အဖွဲ့ဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများမှ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှတွဲဖက်အတွင်းရေးမှူးအဖြစ်ပါဝင်သော **ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့**ကို ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့သည် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် **နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ကျေးရွာအုပ်စု မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့များ**ကို သက်ဆိုင်ရာဌာနအကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းပြီး မြို့နယ်တစ်မြို့နယ်လျှင် မြေယာမှုခင်းအရှုပ်အထွေးမရှိသော ကျေးရွာတစ်ရွာစီအား ရွေးချယ်၍ ရှေ့ပြေးစမ်းသပ်မှုလုပ်ငန်း (Pilot Project) အနေဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုံမှန်သမားရိုးကျ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ ကျေးရွာသို့ လက်တွေ့ကွင်းဆင်းပြီး ကျေးရွာအိမ်ထောင်စုများက စုပေါင်းလျှောက်ထားစေလျက် ကျေးလက်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သဖြင့် မြို့နယ်ပေါင်း ၃၃၀ မြို့နယ်ရှိသည့်အနက် မြို့နယ် ၂၈၃ မြို့နယ်ရှိ ကျေးရွာ ၂၈၃ ရွာ၌အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင်၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့အထိ စုစုပေါင်း မြေငှားဂရန် ၃၂၀၅၇ ခုကို ထုတ်ပေးနိုင်ခဲ့ပါသည်။

၄။ ကျေးရွာမြေများကို မြေငှားဂရန်ထုတ်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများအတွက် ဥပဒေနှင့်အညီ ခိုင်မာသောမြေယာပိုင်ဆိုင်မှုများရရှိလာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်နှင့် မြို့ပြကွာဟမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်မှလည်း နိုင်ငံတော်အတွက် အခွန်ငွေများတိုးတက်ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာမြေများကို မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျေးလက်နေပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့်သော်လည်းကောင်း၊ အိမ်ထောင်စု (၁၀၀) (သို့မဟုတ်) ခြံကွက်(၁၀၀)တစ်စုတစ်ပေါင်းတည်းအနေဖြင့်သော်လည်းကောင်း ကျေးရွာမြေငှားဂရန်ရရှိရေး လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအထူးလုပ်ငန်းအဖွဲ့**




## 2nd Men's Asian Challenge ဟော်ကီပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် 2nd Men's Asian Challenge ဟော်ကီပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းက ၂၀၁၃ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာကျင်းပခဲ့တဲ့ 1st Men's Asian Challenge (PTTCUP) မှာ ဒုတိယ၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းနဲ့ ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် ဆီးဂိမ်းမှာ တတိယရရှိခဲ့ပါတယ်။ (၂၈)ကြိမ်မြောက်ဆီးဂိမ်းမှာ တတိယရရှိခဲ့တဲ့အသင်းကို စုစည်းပြီး လူငယ်မျိုးဆက်သစ်အားကစားသမား ၂၈ ဦးကို ပါကစ္စတန်နိုင်ငံက နည်းပြနဲ့ စက်တင်ဘာလက စတင်လေ့ကျင့်နေပါတယ်။ နိုဝင်ဘာလကုန်မှာ လက်ရွေးစင်ကစားသမား ၁၈ ဦးကို ရွေးပြီး ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ" ဟု မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထောက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်တို့ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားသမား ၁၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသည့်အသင်းနှစ်သင်းသည် ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် အာရှဟော်ကီပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအသင်းသည် တရုတ်၊ သီရိလင်္ကာအသင်းများကို အဓိကယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပြိုင်ပွဲကို နေ့စဉ်သုံးပွဲကျင်းပမည်ဖြစ်ကာ မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ အဌမပွဲစဉ်(မန္တလေး) ဆုပေးပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် Shwe Mann Taung Golf Resort က အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ အဌမပွဲစဉ်(မန္တလေး)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ ၁၈ ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ဝါသနာရှင်အဆင့် အမျိုးသမီးနေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို Shwe Mann Taung Golf Resort ဒါရိုက်တာဦးထွန်းထွန်းလင်းကလည်းကောင်း၊ ဝါသနာရှင်အဆင့်အမျိုးသားနေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ဦးခင်ဇော်အောင်နှင့် ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ တတိယဆုရ ခင်မာနွယ်၊ဒုတိယဆုရယဉ်မေမျိုး၊ ပထမဆုရ မေဦးခိုင်တို့ကို လည်းကောင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်က ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ၌ တတိယဆုရဟိန်းစည်သူ၊ ဒုတိယဆုရ မင်းနိုင်စိုး၊ ပထမဆုရ စည်သူရဲရင့်တို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က Professional အဆင့် ပြိုင်ပွဲတွင် တတိယဆုရအောင်ဝင်း (HAN Golf Academy)၊ ဒုတိယဆုရ ဇော်ဇော်လတ် (HAN Golf Academy)၊ ပထမဆုရ ရန်မျိုးအေး (CEO Group) တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထက်မြန်မာပြည် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် Shwe Mann Taung Golf Resort ဒါရိုက်တာ ဦးတင်ကိုကိုက ပထမရရှိသော ရန်မျိုးအေး (CEO Group)ကို ဆုကြေး ငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သော နေပြည်တော်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီးဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဦးရေ ၉၆ ဦးသာ လက်ခံမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အမည်စာရင်းများကို ဖုန်း ၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁ တို့သို့ ကြိုတင်ပေးသွင်းရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

**နိုင်ငံတကာသတင်း**

## လေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော ရုရှားစစ်လေယာဉ်အား တူရကီပစ်ချ

**ဘာသာပြန်-စိန်ရင်**

**အန်ကာရာ နိုဝင်ဘာ ၂၄**

ဆီးရီးယားနယ်စပ်အနီးရှိ တူရကီလေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော ရုရှားစစ်လေယာဉ်တစ်စင်းအား အကြိမ်ကြိမ် သတိပေးပြီးနောက် တူရကီတိုက်လေယာဉ်များက ပစ်ချခဲ့ကြောင်း သိရသည်။ ရုရှားကမူ ၎င်း၏ လေယာဉ်သည် လေပိုင်နက် ချိုးဖောက်မှုမရှိဟု ငြင်းဆိုလိုက်သည်။

ယခုဖြစ်စဉ်သည် နေတိုးအဖွဲ့ဝင်နိုင်ငံ၏ ၁၉၅၀ ပြည့်နှစ်မှ ယနေ့အထိ ရုရှားအပေါ် ပထမဆုံးလုပ်ရပ်ဖြစ်ပြီး အလွန်ပြင်းထန်သော မတော်တဆဖြစ်ရပ်ဖြစ်သည်ဟု ကရင်မလင်နန်းတော်၏ ပြောခွင့်ရသူက ဆိုသည်။ တူရကီ ဟေဘာတက်တီဗွီ၏ထုတ်လွှင့်ချက်အရ အဆိုပါလေယာဉ်သည် မီးလောင်ပြီး တက်စ်မန်တောင်ပေါ်သို့ ပျက်ကျသွားကြောင်း သိရသည်။

အနာဒိုလူသတင်းဌာန၏ ထုတ်ပြန်ချက်အရ လေယာဉ်မှူးနှစ်ဦးမှာ လေထီးဖြင့် ခုန်ဆင်းခဲ့ကြပြီး ဒဏ်ရာပြင်းထန်သဖြင့် တစ်ဦးသေဆုံးသွားကြောင်း ဆီးရီးယားသူပုန်အဖွဲ့ မှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်ကို ထုတ်ပြန်ခဲ့သည်။

**(ရိုက်တာ)**

## တန်ဆောင်တိုင်ကာလ သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ထိုသို့ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်ခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း ၂၀၁၄ ခုနှစ် ပြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချမှုကိုးမှုနှင့်ပစ်ဖောက်မှုတစ်မှု စုစုပေါင်း ၁၀ မှုမှ တရားခံ ၁၀ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ရပြီး ၂၀၁၅ ခုနှစ် သီတင်းကျွတ်ကာလအတွင်း ပြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချမှု ၁၄ မှုမှ တရားခံ ၁၄ ဦးတို့အား ဖမ်းဆီးအရေးယူခဲ့ရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်းတွင် ပြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များအား လူစည်ကားရာနေရာများ၊ ကုန်တိုက်ကြီးများ၊ ဈေးများ၊ လမ်းမကြီးများတွင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့်လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅)တွင် ဖော်ပြပါရှိသော **ကမ္ဘာ့နိုင်ငံအားလုံးနဲ့ သဟဇာတဖြစ်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမယ် ကမ္ဘာ့ရေးရာတွေမှာ မြန်မာနိုင်ငံအနေနဲ့ တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားမယ်** ဟူသည့် တွေ့ဆုံမေးမြန်းသတင်းစာသား၏ကော်လံ ၁ ပါ Plannary Section အစား Plenary Session ဟုလည်း ကောင်း၊ Conversion အစားConvention ဟုလည်းကောင်း၊ ကော်လံ ၂ ပါ ASEAN Coordinate Counsel အစား ASEAN Coordinating Council ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

# အားလုံး ပြောင်းလဲချိန်တန်ပါပြီ

မောင်သောင်းဝင်း
(တမန်ဟောင်း)

" အန်ကယ်ကြီးကဝယ်မှာလား"။ "ဟုတ်ပါတယ်၊ ဝယ်ချင်လို့ပါ" ပြန်ဖြေလိုက်တဲ့အခါ "ကျွန်တော်တို့က ရောင်းမယ်ထင်လို့"ဆိုသော စကားကိုကြားတော့ စာရေးသူလွန်စွာအံ့သြသွားမိပါတယ်။ နိုင်ငံခြားငွေလဲ ကောင်တာဆိုတာ ငွေကိုဝယ်ရောင်းနှစ်မျိုးစလုံး လုပ်တဲ့နေရာပါ။ ဒါပေမယ့် ကျွန်တော်တွေ့သော Money Exchange Counter က မြန်မာငွေလက်မခံဘဲ၊ နိုင်ငံခြားငွေကိုသာဝယ်သည်ဆိုတော့ စဉ်စားလို့မရတော့ပါဘူး။ "ညီလေးရာ ကိုယ်ကများများစားစားမဝယ်ပါဘူးကွာ၊ ဒေါ်လာ ၂၀၀ လောက်ပါ၊ နိုင်ငံခြားကိုအစည်းအဝေးသွားစရာရှိလို့ အရေးပေါ်သုံးဖို့အရန်ငွေပါ။ ကိုယ့်မှာနိုင်ငံကူးလက်မှတ်ယူလာပါတယ်"လို့ မျက်နှာချိုသွေးရှင်းပြပေမယ့် သူတို့ရုံးဌာနချုပ်က ညွှန်ကြားချက်မရလို့ဆိုပြီး ဝယ်ခွင့်မရခဲ့ပါဘူး။

စာရေးသူလည်း နိုင်ငံတော်ကစေလွှတ်သည့် အစည်းအဝေးတစ်ခုတက်ဖို့ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်း ထိုင်းနိုင်ငံသို့ ထွက်ခွာမည့်လေယာဉ်ဖြင့် လိုက်ပါဖို့ရန် နိုဝင်ဘာ ၂၁ ရက် (စနေနေ့)တွင် နေပြည်တော်မှရန်ကုန်ကို ထွက်ခွာခဲ့ရပါတယ်။ နိုဝင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက်စောစော ရွှေတိဂုံဘုရားသွားပြီး ဘုရားဖူးမေတ္တာပို့ခြင်းတို့ကို ဦးစွာလုပ်လိုက်ပါတယ်။ ထို့နောက် နိုင်ငံခြားရောက်လျှင် အခြားတိုင်းပြည်များမှ လာကြမည့်မိတ်ဆွေများကို ပေးဖို့ရန် ရွှေတိဂုံတောင်ဘက်စောင်းတန်းမှာ မြန်မာပြည်ဖြစ် လက်ဆောင်ပစ္စည်းအချို့ ဝယ်လိုက်ပါတယ်။ နိုင်ငံခြားငွေဘယ်မှာလဲရနိုင်သလဲလို့ စုံစမ်းကြည့်တဲ့အခါ ဘုရားမုခ်ဦးတွေမှာဖွင့်ထားတဲ့ နိုင်ငံခြားငွေလဲတဲ့ ကောင်တာများမှာ လဲလျှင်ရသည်ဆိုလို့ အရှေ့ဘက်မုခ်မှာရှိတဲ့ နိုင်ငံခြားငွေလဲကောင်တာကို သွားလဲခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လဲလို့မရခဲ့ပါဘူး။ တစ်ခုခုတော့ လွဲချော်နေတာအမှန်ပါပဲ။ နိုင်ငံခြားငွေလဲပေးတဲ့ဘဏ်တွေမှာ တိကျတဲ့မူဝါဒမရှိတော့ဘူးလား။

နိုင်ငံခြားသားတစ်ယောက်သာ ထိုအဖြစ်အပျက်မျိုးကြုံတွေ့ခဲ့ရလျှင် မြန်မာနိုင်ငံ၏ ဘဏ်စနစ်ကို မည်ကဲ့သို့ထင်သွားမလဲ။ မြန်မာပြည်ကို နောက်တစ်ခေါက်လာလည်ဖို့ များစွာစဉ်းစားသွားကြမှာပါ။ စာရေးသူ ထိုင်းနိုင်ငံတွင် သံတမန်မစ်ရှင်ထမ်းဆောင်စဉ်က သူတို့ဆီမှာ နိုင်ငံခြားသားများအပြင် ထိုင်းနိုင်ငံသားအားလုံးကိုလည်း နိုင်ငံခြားငွေလဲပေးပါတယ်။ နိုင်ငံခြားငွေလဲကောင်တာတွေကလည်း အချိန်ပြည့်ဖွင့်ပေးထားပါတယ်။ ငွေလဲရာတွင်လည်း ဝန်ဆောင်မှုကောင်းတော့ များစွာစိတ်ချမ်းမြေ့ရပါတယ်။ နိုင်ငံခြားငွေလဲလှယ်မှု မှောင်ခိုဈေးကွက်မျိုး မကြားဖူးပါဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေချင်ရင် သူတို့ဆီက ကောင်းတဲ့စနစ်တွေကို အတုခိုးသင့်ပါတယ်။ ဘဏ်ဝန်ထမ်းတွေကိုလည်း ကျွမ်းကျင်အောင်သင်တန်းပို့ချပြီး တိကျသောမူဝါဒများ ချပေးထားသင့်ပါတယ်။

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်မှာရှိသည့် ငွေလဲကောင်တာမှ ဝန်ထမ်းက ငွေလဲမပေးသည့်အပြင် "အန်ကယ်ကြီး အရေးကြီးရင်တော့ တနင်္လာနေ့နံနက်ရုံးဖွင့်လျှင် သိမ်ဖြူလမ်းကိုသွားလဲလိုက်ပါ" တဲ့။ သူ့ကို ကျေးဇူးတင်ရမလို့ဖြစ်သွားပြီး စာရေးသူလည်း အချဉ်ပေါက်သွားတာနဲ့ "မနက်ဖြန်ဆို လေယာဉ်ပေါ်ရောက်နေပြီကွ၊ အရေးကြီးလို့ဒီနေ့လာလဲတာ"လို့ ဖြေပြီး ပြန်လှည့်ထွက်ခဲ့ပါတယ်။ အေးချမ်းလှသော ရွှေတိဂုံဘုရားပေါ်မှာ အခြားသော ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာအာရုံပြုနေချိန်မှာ မြန်မာနိုင်ငံ၏ ထူးခြားသော ဘဏ်လုပ်ငန်းစနစ်ကြောင့် စာရေးသူ တစ်ယောက်တည်းအဖြေထုတ်မရသော ပုစ္ဆာတစ်ပုဒ်လိုဖြစ်နေပါတော့တယ်။ မိမိ၏တွေးခေါ်နိုင်စွမ်း မမီသေးဘူးလို့ပဲ မိမိကိုယ်ကိုသုံးသပ်လိုက်မိပါတယ်။

နိုင်ငံခြားရောက်လျှင် အရေးပေါ်သုံးငွေအတွက် ဒေါ်လာမရ ရအောင်လဲရမယ်လို့ဆုံးဖြတ်ပြီး ရွှေတိဂုံ အနောက်ဘက်မုခ်ကိုဆင်း၊ Taxi ကားသမားကို စုံစမ်းကြည့်တော့ ကားသမားကလည်း အူလည်လည်ဖြစ်နေတော့ ဟိုဟိုဒီဒီ ဖုန်းဆက်ကြည့်လိုက်တော့မှ ပြည်လမ်းပေါ်မှာ Farmer Money Exchange ကို တွေ့ပါတယ်။ "ဒေါ်လာလဲချင်ကြောင်း" ပြောတော့ ဘဏ်ဝန်ထမ်းမိန်းကလေးတွေက "ဘယ်မှာသုံးမှာလဲ" လို့ မေးပါသေးတယ်။ "ထိုင်းရောက်ရင်သုံးဖို့ပါ၊ နိုင်ငံကူးလက်မှတ်ပါပါတယ်" လို့ ရှင်းပြတော့ "ရပါတယ်" ဆိုပြီ လွယ်လွယ်ကူကူနဲ့ လဲပေးလိုက်ပါတယ်။ သူတို့တွေကို များစွာကျေးဇူးတင်မိပါတယ်။ ဘုရားပေါ်က ဘဏ်ဝန်ထမ်းတွေလို ဝေ့လည်ကြောင်ပတ်လုပ်မနေလို့ပါ။

မြန်မာနိုင်ငံတွင်ကျင့်သုံးနေတဲ့ ဘဏ်လုပ်ငန်းစနစ်များသည် နိုင်ငံတကာအဆင့်မီဖို့ များစွာကြိုးစားဖို့ လိုပါသေးတယ်။ နိုင်ငံခြားမှာ ငွေလဲကောင်တာတွေကိုအချိန်ပြည့်ဖွင့်ပေးထားပါတယ်။ နိုင်ငံခြားသားများ အချိန်မရွေးလဲနိုင်ပါတယ်။ မြန်မာပြည်မှာ နိုင်ငံခြားသားခရီးသည်အမြောက်အမြား လာရောက်လည်ပတ်လေ့ရှိသည့် ရွှေတိဂုံဘုရားကြီး၌ပင်လျှင် နိုင်ငံခြားငွေလဲဖို့ရန်အတွက် ငွေလဲကောင်တာတွေက နံနက် ၉ နာရီအချိန်အထိ မဖွင့်သေးပါဘူး။ နိုင်ငံခြားသားဘုရားဖူးတွေဟာ နံနက် ၉ နာရီကျော်မှ ဘုရားဖူးလာရမလိုဖြစ်နေပါတယ်။ တစ်ခုခုတော့လွဲနေပါတယ်။ ဘုရားမုခ်ဦးတွေစတင်ဖွင့်ပြီဆိုကတည်းက နိုင်ငံခြားသားများ လာရောက်လေ့လာဖူးမြော်သည်များရှိနိုင်ပါတယ်။ ထိုအချိန်ငွေလဲချင်လျှင် အခက်အခဲများစွာတွေ့ပါမယ်။ ထိုသို့မဟုတ်လျှင် ကမ္ဘာလှည့်ခရီးသွားများကို ငွေလဲကောင်တာများဖွင့်ပြီးချိန်အထိ စောင့်ခိုင်းထားမှာလား။ တာဝန်ရှိသူများ ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ပါတယ်။

> **စာရေးသူတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးလာတာ ငါးနှစ်ပြည့်တော့မှာပါ။ ထိုငါးနှစ်တာကာလအတွင်း အပြုသဘောဆောင်သော ပြောင်းလဲမှုများ များစွာရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲမှုများအပေါ် လိုက်ပါဆောင်ရွက်နိုင်သည့်ဌာနများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့်ပြည်သူများ မြောက်မြားစွာရှိသော်လည်း Mindset မပြောင်းလဲသေးသည့်သူများလည်း ဒုနဲ့ဒေးကျန်ရှိနေပါသေးတယ်**

ငွေလဲကောင်တာများသည်လည်း ပွင့်လင်းမြင်သာမှုရှိဖို့လည်းလိုအပ်ပါတယ်။ ဒေါ်လာကိုသာဝယ်ပြီး မြန်မာငွေကိုလက်မခံသည့် သဘောမျိုးမဖြစ်သင့်ပါဘူး။ မြန်မာငွေဟာ တန်ဖိုးသတ်မှတ်ချက်ရှိပါတယ်။ ရုံးဖွင့်ရက်အခက်အခဲဖြစ်လို့ ရုံးပိတ်ရက်မှာလာလဲသူများကို သံသယရှိသော မျက်လုံးဖြင့်ကြည့်ပြီး လဲမပေးခြင်းသည် များစွာလွဲမှားနေသည်ဟုထင်ပါတယ်။ နိုင်ငံခြားငွေလဲပေးရန်အတွက် သတ်မှတ်ချက်အထောက်အထားများ ပြည့်စုံစွာပါလာလျှင် လဲပေးသင့်ပါတယ်။ တစ်ခါလဲရင် အများဆုံးလဲပေးမည့်ပမာဏ၊ လဲလှယ်ခွင့်ရှိသူများကို တိတိကျကျသတ်မှတ်ထားသင့်ပါတယ်။ ဘဏ်စနစ်များ ပြောင်းလဲချိန်တန်နေပါပြီ။ ယခင်က Mindset အတိုင်းသာ ဆက်သွားနေမည်ဆိုရင် ယခင်အတိုင်းသာ ဖြစ်နေမှာ မြေကြီးလက်ခတ်မလွဲပါ။

စာရေးသူတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးလာတာ ငါးနှစ်ပြည့်တော့မှာပါ။ ထိုငါးနှစ်တာကာလအတွင်း အပြုသဘောဆောင်သော ပြောင်းလဲမှုများ များစွာရှိခဲ့သည်မှာအမှန်ပင်ဖြစ်ပါတယ်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲမှုများအပေါ်လိုက်ပါဆောင်ရွက်နိုင်သည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့်ပြည်သူများ မြောက်မြားစွာရှိသော်လည်း Mindset မပြောင်းလဲသေးသည့်သူများလည်း ဒုနဲ့ဒေးကျန်ရှိနေပါသေးတယ်။ ထိုဌာန၊ အဖွဲ့အစည်းများနှင့်ဝန်ထမ်းများသည် နိုင်ငံတကာအတွေ့အကြုံမရှိသလို ဒီမိုကရေစီအလေ့အထကိုလည်း လိုက်လျောညီထွေလက်ခံလိုသောဆန္ဒမရှိလို့ ယူဆရမှာဖြစ်တယ်။ အတိတ်ကအလေ့အထတိုင်း ဖြတ်လမ်းနည်းဖြင့် ကြီးပွားလိုကြသူများသာ ဖြစ်မည်ထင်ပါတယ်။ မည်သည့်လုပ်ငန်းကိုမဆို ပွင့်လင်းမြင်သာစွာဖြင့်သာ ဆောင်ရွက်သွားသင့်ပါတယ်။ စီးပွားရေးလုပ်ရာတွင်လည်း ရိုးသားစွာ ယှဉ်ပြိုင်သွားသင့်ပါတယ်။

ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာအဆင့်အလိုက် တာဝန်ယူမှုနှင့်တာဝန်ခံမှုနှင့် လုပ်ပိုင်ခွင့်တို့ပေးထားသင့်ပါတယ်။ ဝန်ထမ်းများအပိုင်းကလည်း မိမိတာဝန်ယူထားသည့် နယ်ပယ်တွင် ကျွမ်းကျင်နှံ့စပ်နေရန် လိုအပ်ပါတယ်။ မိမိသက်ဆိုင်သည့်နယ်ပယ်နှင့် ပတ်သက်သည့်မူဝါဒများကို ပြည်သူများသိရှိနားလည်အောင် လိပ်ပတ်လည်အောင် ရှင်းပြနိုင်ရန်လိုအပ်မည်ထင်ပါတယ်။ လုပ်ငန်းကိစ္စတစ်ခုခုကို မေးမြန်းလာသည့်အခါ အထက်ဌာနရုံးချုပ်အမိန့်ဆိုပြီး ပြီးစလွယ်မျိုးဖြေကြားခြင်းမျိုးသည် မဖြစ်သင့်သောကိစ္စပင်ဖြစ်တယ်။ မိမိတာဝန်ယူရသောအပိုင်းကို ဂယနဏ သိထားသင့်ပါတယ်။ ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိ၏ဝန်ထမ်းများကို လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများပို့ချပေးထားသင့်ပါတယ်။ သို့မှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကျင့်သုံးနေသည်မှာ ငါးနှစ်သက်တမ်း ပြည့်တော့မည်ဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်လည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်တယ်။ ထိုရွေးကောက်ပွဲများ၌ပြည်သူများ ကိုယ်တိုင်ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်များ၊ တရားစီရင်ရေးအဖွဲ့နှင့် အစိုးရအဖွဲ့သစ်တို့ကိုဖွဲ့စည်းပြီးနောက် အောင်မြင်မှုအသီးအပွင့်များရရှိနေပြီးဖြစ်သော ဒီမိုကရေစီစနစ်ကို ဆက်လက်ကျင့်သုံးတော့မည်ဖြစ်တယ်။ ထိုသို့တိုင်းပြည်သည် အဘက်ဘက်မှာအကောင်းဘက်သို့ ဦးတည်နေချိန်တွင် ဌာနများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် ပြည်သူများအားလုံးသည် ဒီမိုကရေစီအလေ့အထနှင့် လိုက်လျောညီထွေရှိသော စိတ်ဓာတ်အခြေခံများ ရင့်ကျက်လာအောင် ပြောင်းလဲသင့်ပါပြီဟု အကြံပြုတိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

## အမ်းမြို့၌ ပြည်သူများအေးချမ်းစွာသွားလာနိုင်ရေးအတွက် ပူးပေါင်းစစ်ဆေး

**အမ်း နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ပဲပဒုံပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရွေးကောက်ပွဲလွန်ကာလ



ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံစွာ သွားလာနိုင်ရေးအတွက် အမ်းမြို့နယ် ရဲတပ်ဖွဲ့မှ ဦးဆောင်လျက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး(အထူး)ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့နှင့်အတူ တပ်မတော်မှ တပ်ထိန်းတပ်ဖွဲ့ဝင်များ မိုင်းရှာခွေးများ ပူးပေါင်းပါဝင်လျက် မြို့ဝင်/ထွက်ယာဉ်များကို နေ့/ညမပျက် စနစ်တကျစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းမောင်(အမ်း)**

## ဖိတ်ခေါ်အမျိုးသား၊ အမျိုးသမီး Road Race နှင့် Mountain Bike စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်ဘီးအားကစားနည်းကို ပြည်သူများ ပိုမိုသိရှိလာအောင်ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မြန်ရွှေပြည်ထရက်တာလီမိတက် (MSP Tractors Ltd) တို့ပူးပေါင်း၍ ဖိတ်ခေါ်အမျိုးသား၊ အမျိုးသမီး Road Race နှင့် Mountain Bike စက်ဘီးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ စက်ဘီးအားကစားကို စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များသိရှိနိုင်ရန်နှင့် ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းလိုပါက ဖုန်း-၀၉-၂၅၀၂၀၅၆၅၁ သို့ ဆက်သွယ်စာရင်းပေးသွင်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ညောင်လေးပင်မြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်

**ညောင်လေးပင် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်တွင် ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One stop shop)ကို နိုဝင်ဘာ ၂၄ ရက် နံနက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှု ရှင်းလင်းတင်ပြခြင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းသုံးခုကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်း၊ ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှု ရှင်းလင်းတင်ပြခြင်း၊ ဒုတိယခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၏ ခွင့်ပြုသုံးငွေမှာ ငွေကျပ် ၂၃၀၁၆ ဒသမ ၅ ဘီလီယံဖြစ်ပြီး ထပ်မံဖြည့်စွက်တောင်းခံငွေကျပ် ၂၅၃၅ ဒသမ ၁ ဘီလီယံဖြစ်သဖြင့် မူလခွင့်ပြုငွေ၏ ၁၁ ဒသမ ၀၁ ရာခိုင်နှုန်း တောင်းခံခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ တိုးမြှင့်တောင်းခံသည့်ငွေများတွင် နိုင်ငံတော်သို့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် အဖြစ်ပေးသွင်းရန် တောင်းခံငွေကျပ် ၂၉၂ ဒသမ ၃၈၈ ဘီလီယံ၊ ပြည်ပအကူအညီရငွေနှင့် ခွင့်ပြုပြီး ချေးငွေတို့အတွက် တောင်းခံငွေကျပ် ၃၈၁ ဒသမ ၄၅၁ ဘီလီယံ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ၁၀၂၀ ကျပ်မှ ၁၂၈၅ ကျပ်သို့ ပြောင်းလဲတွက်ချက်ရသဖြင့် တောင်းခံငွေကျပ် ၆၃၅ ဒသမ ၄၈၄ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၃၀၉ ဒသမ ၃၂၃ ဘီလီယံဖြစ်သဖြင့် သာမန်နှင့် ငွေလုံးငွေရင်းများအတွက် တိုးမြှင့်တောင်းခံငွေမှာ ငွေကျပ် ၁၂၂၅ ဒသမ ၇၈၀ ဘီလီယံဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အမှန်အသုံးပြုရန် တိုးမြှင့်တောင်းခံငွေမှာ မူလခွင့်ပြုငွေ၏ ၅ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ဝန်ကြီးဌာနများ၏ တိုးမြှင့်တောင်းခံငွေ စုစုပေါင်းငွေကျပ် ၁၈၅၆ ဒသမ ၈၀၀ ဘီလီယံအနက် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ တိုးမြှင့်တောင်းခံငွေသည် ငွေကျပ် ၉၇၂ ဒသမ ၂၅၄ ဘီလီယံဖြစ်သောကြောင့် ဝန်ကြီးဌာနဦးစီးဌာနများ၏ တိုးမြှင့်တောင်းခံငွေသည် ငွေကျပ် ၈၈၄ ဒသမ ၅၄၅ ဘီလီယံဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ တိုးမြှင့်တောင်းခံငွေတွင်လည်း နိုင်ငံတော်ရန်ပုံငွေမဟုတ်သည့် လုပ်ငန်းသုံးရင်းနှီးငွေသည် ငွေကျပ် ၅၈၇ ဒသမ ၉၇၅ ဘီလီယံဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု အစိုးရအဖွဲ့မှ ရေးဆွဲတင်ပြသည့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ စုစုပေါင်းပိုမိုသုံးစွဲငွေသည် မူလခွင့်ပြုသုံးငွေထက် ငွေကျပ် ၄၅ ဒသမ ၆၉၇ ဘီလီယံသာပိုသည်ကိုတွေ့ရပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည်လည်း ၄ ဒသမ ၉၃ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၉ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားသဖြင့် ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်များတွင် လေ့လာချက်အရ အမှန်အသုံးစရိတ်များသည် မူလခန့်မှန်းခြေ(BE)နှင့် ပြုပြင်ပြီးခန့်မှန်းခြေ (RE)တို့ထက် လျော့နည်းလေ့ရှိပြီး လိုငွေနှင့် ဂျီဒီပီအချိုးများသည် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေတို့ထက် ပိုမိုလျော့နည်းကောင်းမွန်သည်ကို တွေ့ရှိရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ ထောက်ခံတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၄၅ ချက်ရှိသည့် **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း** နှင့်စပ်လျဉ်းသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှု အခြေအနေ**ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ကောက်ခံသော အခွန်စုစုပေါင်း ၁၈ မျိုးရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်တွင် ပြည်ထောင်စု၏ အခွန်ရငွေလျာထားချက် ငွေကျပ် ၂၀၂၇ ဒသမ ၆၄၂ ဘီလီယံ၊ ကောက်ခံရရှိမှုငွေကျပ် ၂၃၅၇ ဒသမ ၈၀၅ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၁၆ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

တာဝန်ယူကောက်ခံသည့် ဌာနများအလိုက်ကြည့်ပါက ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကောက်ခံသည့်အခွန် ၅ မျိုးအတွက် အခွန်ရငွေလျာထားချက် ငွေကျပ် ၁၇၆၆ ဒသမ ၂၂၀ ဘီလီယံ၊ ကောက်ခံရရှိမှုငွေကျပ် ၂၀၂၅ ဒသမ ၀၁၅ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခြားပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုမှ ကောက်ခံသောအခွန် ၁၃ မျိုးအတွက် လျာထားချက် ငွေကျပ် ၂၆၁ ဒသမ ၄၂၂ ဘီလီယံ၊ ကောက်ခံရရှိမှုငွေကျပ် ၃၃၂ ဒသမ ၇၉၀ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၂၇ ဒသမ ၃၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

တိုင်းပြည်၏ အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသော အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည် ဖြစ်သည့်အတွက် ရသင့်ရထိုက်သော အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ တိုးတက်ရရှိရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အခွန်ထမ်းပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထုက လိုက်နာဆောင်ရွက်နိုင်သည့် ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူစွာ ထမ်းဆောင်နိုင်သော အခွန်စနစ်ပေါ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်တွင် နှစ်စဉ်အခွန်အကောက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး မူလရှိရင်းစွဲဥပဒေများနှင့်ပေါင်းစပ်၍ အခွန်ကောက်ခံမှုကို စနစ်တကျဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်ကောက်ခံရရှိမှုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးသုံးသပ်မှုများကို မှတ်တမ်းများထားရှိ၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ဆက်လက်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုရန် ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသားဟုတ်၊မဟုတ် စိစစ်မှုပြုလုပ်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခြင်းနှင့်အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သည့် ဥပဒေကြမ်းများအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ သိရှိလိုသည့် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသား ဟုတ်၊မဟုတ် စိစစ်မှုပြုလုပ်နေခြင်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က လွှတ်တော်သို့



ဒုတိယဝန်ကြီး ဦးဝင်းမြင့်။

ရှင်းလင်းရာ၌ နိုင်ငံသားဖြစ်မှုကို ဥပဒေနှင့် တိုင်းတာစိစစ်ရာတွင် ပြဋ္ဌာန်းထားသော ဥပဒေများအပေါ် အယူအဆလွဲမှားနေခြင်း ဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော ဥပဒေများကို ကိုင်တွယ်ကျင့်သုံးရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင်လည်း ဥပဒေဖော်ပြချက်များအပေါ် အယူအဆများ၊ ဥပဒေရှုထောင့်များနှင့် ပတ်သက်၍ ဒွိဟဖြစ်စေသောအချက်များရှိပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမေးမြန်းပြီးမှ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

လူတစ်ဦးတစ်ယောက် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းဆိုသည်မှာ အသက်တမျှ အရေးကြီးသောကိစ္စဖြစ်၍ အလွယ်တကူမှတ်ချက်ပေးရန် မသင့်ပါကြောင်း၊ အထူးသဖြင့် လူမျိုးရေးကို သော်လည်းကောင်း၊ ဘာသာရေးကို သော်လည်းကောင်း၊ လူအများစု၊ လူနည်းစုအနေအထားကိုသော်လည်းကောင်း အခြေခံထားသည့် ထင်မြင်ချက်များ၊ ကန့်ကွက်ချက်များသည် တစ်ဖက်သတ်အမြင်များသာဖြစ်ခြင်းကြောင့် အမှန်တရားနှင့် ကွဲလွဲစေရုံသာမက နောက်ဆက်တွဲဆိုးကျိုးများလည်း ဖြစ်စေတတ်သည့်သဘောရှိပါကြောင်း။



ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်း။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး မိမိဝန်ကြီးဌာန ဝန်ထမ်းများမှ လျှောက်ထားလာသူများကို စိစစ်လက်ခံ၍ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးလျက်ရှိပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှုကို စိစစ်ရာတွင် မှားယွင်းမှုမရှိစေရန်၊ ခိုင်မာစွာစိစစ်ရမည့်သူများ ဖြစ်ကြသည့်အတွက် မိမိဌာနဝန်ထမ်းများမှ စိစစ်ဆုံးဖြတ်ခြင်း မပြုခဲ့ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅တွင် ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ခံယူရန် အကြောင်းကိစ္စ ပေါ်ပေါက်ပါက ဗဟိုအဖွဲ့သို့ လျှောက်ထားနိုင်သည်ဟု ဖော်ပြချက်နှင့်အညီသာ ဆောင်ရွက်ပါကြောင်း၊ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားအဆုံးအဖြတ် ခံယူရန် လျှောက်ထားလာမှုကို မိမိဌာနမှ လျှောက်လွှာစိစစ်လက်ခံပြီး ရုံးမှတ်တမ်း အထောက်အထားများနှင့် တိုက်ဆိုင်စိစစ်၍ အမှုတွဲတည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးပါက မြို့နယ်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့သို့တင်ပြရပါကြောင်း၊ မြို့နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တစ်ဦးချင်းခေါ်ယူစိစစ်ပြီး သဘောထား မှတ်ချက်နှင့်အတူ ပြည်နယ်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြရပါကြောင်း။

ပြည်နယ်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထပ်မံစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာန(ရုံးချုပ်)သို့ပေးပို့ပြီး ဦးစီးဌာန(ရုံးချုပ်)မှ မြန်မာနိုင်ငံသားဥပဒေနှင့်

*စာမျက်နှာ ၈ သို့*

# ရွေးကောက်ပွဲလွန်ကာလ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၄**

မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သောဆက်ဆံရေး မရှိစရာအကြောင်းမရှိကြောင်း၊ နိုင်ငံအတွက် အလုပ်လုပ်ကြမည့်သူများဖြစ်ခြင်းကြောင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်၍ နိုင်ငံအားတည်ငြိမ်အောင်၊ တိုးတက်အောင်လုပ်ဆောင်ကြရမည်ဖြစ်ပြီး ယင်းကဏ္ဍတွင် တပ်မတော်အနေဖြင့် အပြည့်အဝပါဝင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ်အာရပ်စ် ဆဲလ်အား လက်ခံတွေ့ဆုံစဉ်**(ဝဲပုံ)** ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့တက်ရောက်ကြပြီး လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လ်၊ စစ်သံမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲကာလ နိုင်ငံရေးလျှောက်လှမ်းမှုနှင့် ယင်းအပေါ် အမေရိကန်ကွန်ဂရက်၏သဘောထားအမြင်များ၊ ရွေးကောက်ပွဲလွန်ကာလ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်မည့်အခြေအနေ၊ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ၏တိုးတက်မှု၊ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့်အဖွဲ့များပါဝင်လာနိုင်မည့်အခြေအနေနှင့် တိုင်းရင်းသားရေးရာများ ဆွေးနွေးကြသည်။ **(မြဝတီ)**

## *ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

ညီမညီ ထပ်မံစိစစ်ပြီး ဗဟိုအဖွဲ့ထံသို့တင်ပြရပါကြောင်း၊ တင်ပြလာသော အမှုတွဲများကို ဗဟိုအဖွဲ့သည် ဥပဒေနှင့်အညီ ဆုံးဖြတ်ပြီး ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်အတိုင်းသာ ကတ်ပြားထုတ်ပေးခြင်းဖြစ်ပါကြောင်း။

မြို့နယ်နိုင်ငံသား စုံစမ်းစစ်ရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဘင်္ဂါလီကိုယ်စားလှယ်၊ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ လဝကမြို့နယ်ဦးစီးဌာနမှူးတို့ဖြင့်ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ရပါကြောင်း၊ ထို့အတူ ပြည်နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဘင်္ဂါလီကိုယ်စားလှယ်၊ ရခိုင်လူမျိုးကိုယ်စားလှယ်များနှင့် လဝကပြည်နယ်ဦးစီးဌာနမှူးတို့ဖြင့်ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ရပါကြောင်း၊ နောက်ဆုံးအဆင့် ဆုံးဖြတ်ပေးရသည့် ဗဟိုအဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများဖြင့် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပါကြောင်း။

မြေပုံမြို့နယ်အပါအဝင် ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှု စိစစ်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းမှ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၆၅နှင့် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေကျွမ်းကျင်သူများ၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများ၊ ဒေသခံရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ လျှောက်ထားသူနှင့်ပတ်သက်သည့် ဘင်္ဂါလီလူမျိုး ကိုယ်စားလှယ်များဖြင့် ဘက်စုံထောင့်စုံမှပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်အဆင့်/ပြည်နယ်အဆင့် သဘောထားမှတ်ချက်များဖြင့် တင်ပြမှုအပေါ် စစ်ရေးအမြင်၊ နိုင်ငံတကာအမြင်၊ လုံခြုံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသည့် ပြည်ထောင်စုဝန်ကြီးများပါဝင်သောဗဟိုအဖွဲ့မှ ဆုံးဖြတ်ပေးခြင်းဖြစ်ပြီး ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီးမှသာ နိုင်ငံသား ဟုတ်မဟုတ်ဆောင်ရွက်ရသည့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်းက ကော်မတီ၏အနှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်းက ကော်မတီ၏အနှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း လွှတ်တော်သို့ဖတ်ကြားတင်ပြကြရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကိုလက်ခံရရှိကြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါရှင်တန်ပို့စ်သတင်းစာမှ Senior Associate Editor အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဝါရှင်တန်ပို့စ်သတင်းစာမှ Senior Associate Editor ဖြစ်သူ Elizabeth (Lally) Graham Weymouth အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ စစ်ဘက်အရပ်ဘက်ဆက်ဆံရေး၊ မြန်မာ-အမေရိကန် ဆက်ဆံရေးအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေများ၊ ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်မှုနှင့် တပ်မတော်၏ရပ်တည်မှုအခန်းကဏ္ဍဆိုင်ရာ သဘောထားအမြင်များ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



အဆိုပါသတင်းစာ အယ်ဒီတာသည် ၂၅ နှစ်အတွင်း ကမ္ဘာ့ခေါင်းဆောင်များစွာနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တူရကီနိုင်ငံဝန်ကြီးချုပ်၊ အီဂျစ်နိုင်ငံသမ္မတ၊ တောင်ကိုရီးယားနိုင်ငံ သမ္မတ၊ ဘရားဇီးနိုင်ငံသမ္မတ၊ လက်ဘနွန်နိုင်ငံ ဝန်ကြီးချုပ်၊ ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒရေးရာမှ အဆင့်မြင့် ကိုယ်စားလှယ်၊ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးနှင့် ယူကရိန်းနိုင်ငံသမ္မတ တို့အား တွေ့ဆုံမေးမြန်းခဲ့ကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် လည်း တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၄**

ထိုင်းနိုင်ငံသို့ရောက်ရှိလာသော ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ခေတ္တအခြေပြုရာ Siam Kempinski Hotel ၌ 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16) အစည်းအဝေးသို့ တက်ရောက်မည့်အာဆီယံနိုင်ငံများမှ လာအိုပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ်၊ မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်**(ဝဲပုံ)**၊ ကမ္ဘောဒီးယားတော်ဝင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ်၊ စင်ကာပူတပ်မတော်ကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင်တပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအပါအဝင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၏ သုံးပွင့်ဆိုင်အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

သတင်း-မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

**နိုင်ငံတော်အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ သုံးပွင့်ဆိုင်အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။** (ယာပုံ)



ယနေ့ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)စုံညီအစည်းအဝေးတွင် နိုင်ငံတော်အစိုးရအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ် ၁၆ ဦးစီ တက်ရောက်ခဲ့ကြပြီး ၎င်းအစုအဖွဲ့ကိုယ်စားလှယ်များ၏ အကြံပေးများလည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၁ ရက်က နိုင်ငံရေးပါတီ ၉၁ ပါတီရဲ့ ကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ ကိုယ်စားလှယ်တွေကို မရွေးနိုင်ခဲ့ရင် မူဘောင်ရေးဆွဲရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အချိန်မီ စတင်နိုင်ရေးတို့မှာ နှောင့်နှေးသွားမှာပါ။ ဒီအချက်ဟာ NCA စာချုပ်ကို ချိုးဖောက်သလို ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စုပေါင်းမူဘောင်ရေးဆွဲနိုင်ဖို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေစနိုင်ဖို့ အလုပ်တွေအများကြီး လုပ်စရာရှိပါတယ်။ အခုကနေ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဇန်နဝါရီ ၁၄ ရက်အထိဆိုရင် ရက်ပေါင်း ၅၀ လောက်ပဲ ကျန်ပါတော့တယ်။ ဒါ့ကြောင့် သတ်မှတ်ထားတဲ့ လုပ်ငန်းတွေ အချိန်မီပြီးအောင် ကျွန်တော်တို့အခုကစပြီး အားပိုစိုက်ရပါမယ်" ဟု ယနေ့ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) စုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ ယနေ့စုံညီအစည်းအဝေးတွင် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များထဲမှ UPDJC အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် အတွင်းရေးမှူး တစ်ဦးစီရွေးချယ်ပေးရေး၊ မူဘောင်ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပေးပြီးပြင်ဆင်ရေး၊ NCA Timeline ရက် ၉၀ ပြည့်မည့် ဇန်နဝါရီ ၁၄ ရက်ထက်နောက်မကျဘဲ နိုင်ငံရေးဆွေးနွေးပွဲများလုပ်နိုင်ရန် စသည့်အကြောင်းအရာများ ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

"နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်နိုင်ဖို့ဆိုရင် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်တွေကတော့ နိုင်ငံရေးဆွေးနွေးပွဲမှာပါဝင်မယ့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၊ ပါဝင်သူများရဲ့အချိုးအစား၊ ဆွေးနွေးရေးစည်းမျဉ်းစည်းကမ်းများနှင့် ဆုံးဖြတ်ချက်ချရမယ့် စည်းကမ်း၊ နည်းလမ်းများပဲ ဖြစ်ပါတယ်။ ပထမအကြိမ် နိုင်ငံရေးဆွေးနွေးပွဲကိုစပြီးရင် ဘာတွေလိုတယ်ဆိုတာ ပိုသိလာလိမ့်မယ်။ ဒါမှ နောင်အစိုးရ လက်ထက်မှာပြုလုပ်မယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပိုပြီးပြည့်စုံအောင်လုပ်နိုင်မှာ၊ ပြင်နိုင်မှာဖြစ်တယ်။ NCA အခြေခံပေါ်မှာ NCA Timeline ကို မဖောက်ဖျက်ဘဲ အများစုလက်ခံနိုင်ပြီး ရှေ့ကိုဆက်သွားနိုင်မယ့် အခြေအနေမျိုးကို ဝိုင်းဝန်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ မူဘောင်ကိုလည်း ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ဆောင်ရွက်စေလိုပါတယ်။ ဒါမှနောင်လာမယ့် အစိုးရအတွက် အဆင်ပြေမှာပါ"ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ထပ်မံရှင်းပြသည်။

"မြန်မာပြည်မှာ နှစ်ပေါင်းကြာရှည်စွာဖြစ်လာခဲ့တဲ့ လက်နက်ကိုင်ပြဿနာတွေဟာ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်များသာ တိုက်ရိုက်ပတ်သက်နေတာမဟုတ်ပါဘူး။ ပြည်တွင်းမှာရှိတဲ့ မြန်မာပြည်သူ၊ ပြည်သားအားလုံးနဲ့ ပတ်သက်နေကြတာဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှာပါရှိရမယ့် အစုအဖွဲ့တွေထဲမှာ နိုင်ငံရေးပါတီအစုအဖွဲ့ဟာ မပါမဖြစ်ပါရမှာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှာ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်အစုအဖွဲ့တို့ကို ၁၆ ဦးစီ အချိုးတူဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ အစုအဖွဲ့ သုံးခုရယ်လို့ ရှိလာတယ်ဆိုပေမယ့်လည်း အနှစ်သာရအားဖြင့် မိမိတို့တသီးတခြားစီ ဖြစ်တည်နေတာမျိုးမဟုတ်ဘဲ တစ်သင်းတစ်ဖွဲ့တည်းသော စိတ်ဓာတ်မျိုး နှလုံးသွင်းကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ရဲ့ အဓိကတာဝန်တစ်ရပ်က NCA စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း ရက်ပေါင်း ၆၀အတွင်း အားလုံးလက်ခံနိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲကြီးတစ်ရပ်လုံးကို အစီအစဉ်စနစ်တကျနဲ့ ထိန်းကျောင်းသွားပြီး နိုင်ငံရေးမူဘောင်ရေးဆွဲသွားနိုင်ရမှာဖြစ်ပါတယ်"ဟု ယင်းအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စားလှယ် ပဒိုစောကွယ်ထူးဝင်း (ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး)က ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ တွေ့ဆုံဆွေးနွေးမှုအစည်းအဝေးသည် ဒုတိယအကြိမ် အစည်းအဝေးဖြစ်ပြီး ပထမအကြိမ် UPDJC အစည်းအဝေးကို နိုင်ငံတော်အစိုးရအစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တို့က နေပြည်တော်တွင် အောက်တိုဘာ ၁၆ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယနေ့ သုံးပွင့်ဆိုင် ဒုတိယအကြိမ်အစည်းအဝေးတွင် နိုင်ငံရေးပါတီများမှ UPDJC ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသုဝေ(ဒီမိုကရက်တစ်ပါတီ-မြန်မာ)နှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းကျော်ညွန့်(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)တို့ကို ရွေးချယ်ခဲ့ပြီး လာမည့် ၂၇ ရက်တွင် MPC ၌ ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ အခြေခံမူဘောင်ရေးဆွဲရေးကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်ရှစ်ဦးစီပါဝင်ကာ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

❋ *ကျော်ဖုံးမှ*

ငွေကျပ်ခြောက်သိန်း၊ ဆန်တစ်အိတ်စီနှင့် ဆီနှစ်ပိဿာခန့် ပေးအပ်ကူညီသွားမည်ဖြစ်ကြောင်း ဖားကန့်မြို့မ ရဲစခန်းမှူး ရဲမှူးနိုင်ဝင်းက မြန်မာ့အလင်း၏ မေးမြန်းချက်ကို ဖြေကြားသည်။

"ဒီနေ့မှာလည်း ဘက်ဟိုးတွေနဲ့ ရှာဖွေရေးတွေကို ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ သေဆုံးသူတစ်ဦးကို ထပ်မံတွေ့ရှိရပါတယ်။ ရှာဖွေရေးတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်သလို သေဆုံးသူတွေရဲ့ မိသားစုဝင်တွေကိုလည်း အကူအညီတွေပေးသွားမှာ ဖြစ်ပါတယ်။ ပိုင်ရှင်မဲ့သေဆုံးသူတွေကိုလည်း အတတ်နိုင်ဆုံး ကြိုးစားဆက်သွယ်ကြည့်မှာဖြစ်ပါတယ်။ ဒီအတွက်လည်း လိုအပ်တဲ့ လက်ဗွေရာတို့ အဝတ်အစားတို့ကိုလည်း မှတ်တမ်းတွေရယူဖို့အတွက် ရဲတပ်ဖွဲ့ဝင်တွေက ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ရဲမှူးက ဖြေကြားသည်။

ထို့ပြင် အဆိုပါနေရာ၌ ဆက်လက်နေထိုင်ခြင်း မပြုရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံနှိုးဆော်နေကြပြီး "အကောင်းဆုံးကတော့ ဒီလိုနေရာမှာ ဆက်မနေသင့်ပါဘူး။ အန္တရာယ်လည်း ဆက်ဖြစ်နိုင်သလို နောက်ထပ်ပြိုမကျဘူးလို့လည်း ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။ အားလုံးပြောင်းရွှေ့ဖို့အတွက် နှိုးဆော်ထားပါတယ်"ဟု ရဲမှူးနိုင်ဝင်းက ပြောသည်။

"ကျွန်တော်တို့ကို ဒီနေရာကနေ သုံးရက်အတွင်း ထွက်ခွာရမယ်လို့ ပြောလာပါတယ်။ ကျွန်တော်တို့အတွက် အခက်အခဲတွေတော့ အများကြီးရှိနေပါတယ်။ အဓိကကတော့ နေစရာအခက်အခဲပါပဲ။ ဖြစ်လေ့ဖြစ်ထ ရှိပေမယ့် အခုတစ်ခေါက်ကတော့ အဆိုးရွားဆုံးခံရတာပါ။ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေထဲက ဆယ်ဂဏန်းအထက် ပျောက်ဆုံးနေသေးတယ်။ သူတို့ကို ရှာတွေ့ချင်သေးသလို နိုင်ငံတော်ကရော၊ ကုမ္ပဏီဘက်ကပါ ဘာတွေထပ်လုပ်ပေးမလဲဆိုတာ မျှော်လင့်ချင်သေးလို့ မပြောင်းရွှေ့ချင်သေးပါဘူး"ဟု ရေမဆေးကျောက်ရှာဖွေသူ ကိုမျိုးနိုင်လွင်က ဆက်လက်နေထိုင်လိုခြင်း၏ အကြောင်းရင်းကို ရှင်းပြသည်။

ယင်းကဲ့သို့ပင် မြေစာများပြိုကျရာ ရေမဆေးကျောက်ရှာဖွေသူများ၏ ပုံကျတဲများသည် မြေပြိုမကျမီတွင် အလုံးအရေအတွက် ၂၀၀ နီးပါးအထိရှိခဲ့ပြီး တစ်လုံးတွင် လူသုံးဦးမှ ခုနစ်ဦးအထိ စုပေါင်းနေကြခြင်းဖြစ်သည်။ ယခုသေဆုံးသူများတွင် ပိုင်ရှင်မဲ့သေဆုံးသူများလည်း ရှိရာ ပိုင်ရှင်မဲ့အလောင်းများကို မော်ဝမ်းရပ်ကွက် သုသာန်တွင် သဂြိုဟ်ပေးခဲ့ကြောင်း ရဲမှူးနိုင်ဝင်းက ပြောကြားသည်။

"ရက်ကလည်း လေးရက်ဖြစ်လာပြီ၊ မြေစာတွေနဲ့ ရောနေတာဆိုတော့ ရှာဖွေရတာပိုခက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် သေဆုံးတဲ့အလောင်းတွေကိုတော့ ကြိုးစားရှာဖွေပေးသင့်ပါတယ်။ ကျွန်တော့် သူငယ်ချင်းတွေထဲမှာက ပျောက်နေတာ ခြောက်ယောက်လောက်ကျန်သေးတယ်။ သူတို့ရဲ့ မိသားစုဝင်တွေလည်း စောင့်နေတုန်းဆိုတော့ ရှာဖွေမှုကို မရပ်စေချင်သေးဘူး။ မြေမပြိုခင်ညကတင် အတူတူရှိနေခဲ့ကြသေးတော့ စိတ်ထဲမှာ အိပ်မက်လိုဖြစ်နေသေးတယ်"ဟု ကိုမျိုးနိုင်လွင်က ဆိုသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှလည်း မြေစာပုံပြိုကျသည့်နေရာတွင် လူအင်အား ၅၀နီးပါးဖြင့် ကူညီရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြောင်း အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လူအင်အားတိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖားကန့်တွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှုတွင် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည့်အတွက် အမေရိကန်သံရုံးမှ ဝမ်းနည်းကြောင်း သဝဏ်လွှာထုတ်ပြန်ထားပြီး အဆိုပါ သဝဏ်လွှာအတွင်း ဖားကန့်မြေစာပုံပြိုကျမှုသတင်းကို အမေရိကန်သံရုံးအနေဖြင့် ဆက်လက်နားစွင့်လျက်ရှိကြောင်းနှင့် သတင်းဖော်ပြချက်များအရ မြေစာပုံပြိုကျမှုကြောင့် လူပေါင်း ၁၀၀ကျော်မြေပိသေဆုံးခဲ့ရသည့်အတွက် ၎င်းတို့၏ မိသားစုဝင်များ၊ ကချင်ပြည်သူများနှင့် ထပ်တူစာနာထောက်ထားကြောင်း ဖော်ပြထားပြီး အဆိုပါ သဝဏ်လွှာထုတ်ပြန်ချက်ကို သက်ဆိုင်ရာပြည်နယ်သို့ ပေးပို့ထားကြောင်း အမေရိကန်သံရုံးမှ သိရှိရသည်။

ထို့ပြင် ဖားကန့်မြို့ ကျောက်စိမ်းတူးဖော်ရေးတွင် မြေစာပုံပြိုကျမှုကြောင့် နိုဝင်ဘာ ၂၁ရက်က သေဆုံးခဲ့ရသူများအတွက် ဗြိတိသျှသံရုံးမှလည်း များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ အသက်ဆုံးရှုံးသွားသူများအတွက် မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပြီး များစွာသော ပျောက်ဆုံးနေသေးသူများအတွက်လည်း စိတ်ပူပန်မိကြောင်း သတင်းထုတ်ပြန်ထားသည်ကို သံရုံးဝက်ဆိုက်တွင် တွေ့ရသည်။

**(မြန်မာ့အလင်း)**

---

❍ *ကျော်ဖုံးမှ*

သန်းပိုင်၊ သန်းဇော်ဟိန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းများနှင့် အကြိမ်ကြိမ်ရင်ဆိုင်ဖူးသည့် တိုက်စစ်မှူး ငုယင်ကောင်ဖောင် ဦးဆောင်လာသည့် ဟောင်အန်းဂယ်လိုင်အသင်းမှာ မြန်မာအသင်းကို ဖိအားပေးနိုင်ခဲ့သော်လည်း နောက်မှလိုက်ကစားခဲ့ရသည်။ မြန်မာအသင်းမှာ ခြေအသာမရခဲ့သော်လည်း ကိုးမိနစ်တွင် ရန်နိုင်ဦး၊ ၃၄ မိနစ်တွင် မောင်မောင်လွင်တို့က ဦးဆောင်ဂိုးများသွင်းခဲ့သည်။ ဟောင်အန်းဂယ်လိုင်အသင်းမှာ ၁၆ မိနစ်တွင် ငုယင်ကောင်ဖောင်၊ ၃၆ မိနစ်တွင် ငုယင်ဗန်သွန်တို့က ချေပဂိုးများ ပြန်လည်သွင်းယူကာ ၆၄ မိနစ်တွင် ဟောင်ကင်မ်ဟွမ်၊ ၈၂ မိနစ်တွင် ထရန်မင်ဗောင်တို့က အနိုင်ဂိုးများ သွင်းယူပေးခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ပွဲပြီးခါနီး၌ မောင်မောင်လွင်ကသွင်းယူပေးခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က)၌ ဗီယက်နမ်ယူ-၂၁ အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ပထမ ရရှိကာ စင်ကာပူယူ-၂၁နှင့် ထိုင်းယူ-၂၁ အသင်းတို့မှာ တစ်မှတ်စီသာ ရရှိသော်လည်း ဂိုးကွာခြားချက်ဖြင့် စင်ကာပူက အုပ်စုဒုတိယနေရာ ရရှိခဲ့သည်။ အုပ်စု(ခ)တွင် တောင်ကိုရီးယားယူ-၁၉ အသင်းက နှစ်ပွဲစလုံးနိုင်က ခြောက်မှတ်ဖြင့် အုပ်စုပထမ ရရှိပြီး ဟောင်အန်းဂယ်လိုင်က သုံးမှတ်ဖြင့် ဒုတိယတို့ရရှိသည်။ အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့သည့် မြန်မာနှင့် ထိုင်းတို့မှာအဆင့် (၅)နေရာလုပွဲ ကစားရမည်ဖြစ်သည်။

# နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်ရှစ်ဦးကို လာမည့် နိုဝင်ဘာ ၂၇ ရက်တွင် အတည်ပြုရွေးချယ်မည်

သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန် နိုဝင်ဘာ ၂၄**

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ(NCA) စာချုပ်ကို အောက်တိုဘာ ၁၅ ရက်က နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ စာချုပ်ပါအချိန်သတ်မှတ်ချက်အရ လက်မှတ်ရေးထိုးထားပြီးနောက်ပိုင်း ရက်ပေါင်း ၆၀ မတိုင်မီ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲများ တရားဝင်စတင်နိုင်ရန်လိုအပ်သည်။ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် ဇန်နဝါရီ ၁၄ ရက်မတိုင်မီ အချိန်အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ အကောင်အထည်ပေါ်လာစေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အား ဖွဲ့စည်းခဲ့သည်။

နိုင်ငံရေးမူဘောင် မူကြမ်းရေးဆွဲရန်အတွက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အတည်ပြုရွေးချယ်နိုင်ခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တွင်ပါဝင်သည့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးအနက်မှ နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် ရှစ်ဦးကိုလာမည့် နိုဝင်ဘာ ၂၇ ရက်တွင် နိုင်ငံရေးပါတီအစုအဖွဲ့မှ သီးသန့်အစည်းအဝေးပြုလုပ်ပြီး အတည်ပြုရွေးချယ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက်က မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ကျင်းပသည့် စုံညီအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲ၌ **(အပေါ်ယာပုံ)** အစုအဖွဲ့သုံးခု၏ ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမောင်ရွှေ(MPC)၊ ဦးခွန်မြင့်ထွန်း (PNLO)နှင့် ဦးစိုင်းကျော်ညွန့်(SNLD)တို့၏ နိုင်ငံရေးမူဘောင် မူကြမ်းရေးဆွဲရေးနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်များကို ကောက်နုတ်ဖော်ပြပါသည်။

**ဦးစိုင်းကျော်ညွန့်**
**(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် - SNLD)**

ပါတီတွေဘက်ကတော့ မူကြမ်းရေးဆွဲရေးကော်မတီအတွက် အကြမ်းဖျင်း ရှစ်ဦးကို ရွေးချယ်ပြီးပါပြီ။ ဒီရှစ်ဦးဟာ ကော်မတီဝင် ၁၆ ဦးထဲကနေပဲ ရွေးချယ်မှာပါ။ ရွေးချယ်ဖို့အတွက် အချို့ပါတီတွေရဲ့ ဆုံးဖြတ်ချက်ပါမလာသေးလို့ ၂၇ ရက် မနက်ပိုင်းအစည်းအဝေးမှာ နိုင်ငံရေးအစုအဖွဲ့က သီးခြားတွေ့ဆုံဆွေးနွေးပြီး အတည်ပြုမယ်။ ပြီးရင် အကြံပေးအဖွဲ့တွေရဲ့ အခန်းကဏ္ဍတွေ၊ နည်းပညာအထောက်အကူပြုအဖွဲ့တွေကို ဘယ်လိုဖွဲ့စည်းမယ်ဆိုတာကို နိုင်ငံရေးအစုအဖွဲ့က သီးခြားတွေ့ဆုံဆွေးနွေးမယ်။ ပြီးရင်အတည်ပြုနိုင်ပါလိမ့်မယ်။

မူဘောင်ကတော့ အချိန်ကာလလည်း တိုတောင်းတဲ့အချိန်မှာ ဘယ်လောက်ထိလုပ်နိုင်မလဲပေါ့။ ဒါပေမယ့် နောက်တက်လာမယ့်အစိုးရနဲ့ ပြုလွယ်ပြင်လွယ်ဖြစ်အောင် လက်ရှိလုပ်ဆောင်သွားတဲ့ အဖွဲ့အစည်းတွေက ဘယ်လိုလုပ်နိုင်မလဲဆိုတာကို ဝိုင်းဝန်းစဉ်းစားကြမှာပါ။ နောက်ဆိုရင် အစိုးရဘက်မှာလည်း အပြောင်းလဲရှိသွားမယ်။ နောက်တိုင်းရင်းသားလက်နက်ကိုင်ဘက်မှာလည်း လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာတဲ့အခါမှာ rigid ဖြစ်သွားတယ်ဆိုရင် သူတို့ပါဝင်ခွင့်မရှိအောင် လုပ်ခဲ့မိသလိုမျိုးဖြစ်ပြီး ကျွန်တော်တို့ အခုပါဝင်နေကြတဲ့ လူတွေရဲ့အပြစ် ဖြစ်သွားပါလိမ့်မယ်။ မူကြမ်းရေးဆွဲမယ့် သူတွေက အတတ်နိုင်ဆုံးနောင်လာမယ့် အခင်းအကျင်းနဲ့ လည်းသင့်တော်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ဖြေရှင်းချက်ကိုပါ ထည့်သွင်းစဉ်းစားပြီး အားသွန်ခွန်စိုက်လုပ်သွားမယ်လို့ ပြောချင်ပါတယ်။

**ဦးလှမောင်ရွှေ (အထူးအကြံပေး၊ MPC)**

"ဒီနေ့ဆွေးနွေးပွဲမှာ နိုင်ငံရေးမူဘောင်ကို သွားနိုင်ဖို့အတွက် အစုအဖွဲ့တစ်ဖွဲ့စီကို ကိုယ်စားလှယ် ရှစ်ဦးပါဝင်တဲ့ နိုင်ငံရေးမူဘောင်ရေးဆွဲရေးကော်မတီကို စတင်ဖွဲ့စည်းခဲ့တယ်။ လာမယ့် ၂၇ ရက်မှာ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲအတွက် လိုအပ်တဲ့အစည်းဝေးတွေကို စတင်ပါမယ်။"

ဒီနေ့ဆုံးဖြတ်တာ ၁၀ ခုလောက်ရှိပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)က ပြဋ္ဌာန်းလိုက်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ဆိုတဲ့ အမြင့်ဆုံး အစည်းအဝေးရှိတယ်။ သူကနေ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဆိုတာ ဖွဲ့စည်းပေးလိုက်တာဖြစ်တယ်။ အဲ့ဒီကနေ နိုင်ငံရေးပါတီကကိုယ်စားလှယ် ၁၆ ဦးနဲ့ အကြံပေး ရှစ်ဦးပါလာပြီ။ ၂၀၁၅ နိုဝင်ဘာ ၂၇မှာ နိုင်ငံရေးပါတီက ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်က ရှစ်ဦးနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်က ကိုယ်စားလှယ် ရှစ်ဦးပါတဲ့ မူကြမ်းရေးဆွဲရေးကော်မတီကစပြီးတော့ ရေးဆွဲပါမယ်။ ဒီဆွေးနွေးပြီးတာတွေကို ပြင်ဆင်ပြီးရင် ဒီဇင်ဘာလဆန်းမှာ နေပြည်တော်မှာ JICM အစည်းအဝေးရှိမယ်။ UPDJC အစည်းအဝေးရှိပြီးရင် အဲ့ဒီမှာ ကျွန်တော်တို့ အပြီးသတ်နိုင်လိမ့်မယ်လို့ ထင်တယ်။

မူဘောင်ရေးဆွဲတဲ့အခါမှာ အခက်အခဲလည်း ရှိနိုင်တယ်။ နိုင်ငံရေးမူဘောင်ဆွေးနွေးရာမှာ ရှေ့မှာဆွေးနွေးခဲ့ပြီးတာတွေကို ဘာတွေကိုဆွေးနွေးကြမယ်။ ဘယ်သူတွေတက်ရောက်မလဲ။ ဘယ်လိုအရေအတွက်နဲ့ တက်ရောက်ကြမလဲ။ ဒီလိုမျိုးဆွေးနွေးပွဲတွေကို ဘယ်လိုပုံစံမျိုးနဲ့ ကျင်းပမလဲ (ဆိုလိုတာက National Level မှာလုပ်သလို Regional Level မှာ လုပ်သလား)ဆိုတာတွေပါမယ်။ နောက်ဆုံးကတော့ ဆုံးဖြတ်ချက်ချခြင်းပါ။ ဆုံးဖြတ်ချက်တွေ ချမယ်ဆိုရင်တော့ ဘယ်လိုပုံစံနဲ့ဆုံးဖြတ်ကြမလဲပေါ့။ ဒါတွေကို JICM နဲ့ UPDJC မှာက အစိုးရနဲ့ လက်နက်ကိုင်တွေမှာ ဆွေးနွေးခဲ့ပြီးပြီပါ။ ဒါကို နိုင်ငံရေးပါတီတွေရဲ့ လာမယ့်နိုဝင်ဘာ ၂၇ ရက်နေ့ ဆွေးနွေးပွဲမှာ ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုကြမှာပါ။

**ဦးခွန်မြင့်ထွန်း (ဥက္ကဋ္ဌ၊**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် - PNLO)**

မူကြမ်းရေးဆွဲရေးကော်မတီမှာ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ရဲ့ ၁၆ ဦးထဲက တစ်ဖွဲ့ကို တစ်ဦးစီ ရွေးချယ်ထားပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေက လက်ရှိအနေအထားမှာ လက်မှတ်မရေးထိုးသေးပေမယ့် လက်ရှိ NCA စာသားအပေါ်မှာ အငြင်းမထွက်ပါဘူး။ NCA စာသားတွေ အားလုံးအပေါ်မှာ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အားလုံးပါဝင်ရေးမူမှာတော့ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေက အနည်းနဲ့အများ မတူညီခဲ့ကြတွေရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ အားလုံးပါဝင်ရင် အားလုံးပါဝင်ရေးမူလို့ အဓိပ္ပာယ်ဖွင့်ဆိုချင်တဲ့သူတွေရှိသလို NCA ကို အားလုံးလက်မှတ်ထိုးမှ အားလုံးပါဝင်ရေးမူလို့ အဓိပ္ပာယ်ဖွင့်ဆိုချင်တဲ့သူတွေလည်း ရှိနေပါတယ်။ NCA မှာ ကျန်တဲ့အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်နိုင်ဖို့ အပြည့်အဝမျှော်လင့်ထားတယ်။ လက်ရှိအခြေအနေမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး၊ စစ်ရေးအခြေအနေအပေါ်မှာ မူတည်ပြီး ပါဝင်လက်မှတ်မရေးထိုးနိုင်သေးတာကို နားလည်နိုင်တယ်။ သူတို့ပါဝင်နိုင်ဖို့လည်း လမ်းဖွင့်ပြီးဆောင်ရွက်သွားရမှာဖြစ်တယ်။ ပြီးခဲ့တဲ့ JICM အစည်းအဝေးမှာ လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေက လက်ရှိစစ်ပွဲတွေကို လျှော့ချဖို့၊ ရပ်ဆိုင်းဖို့ တပ်မတော်ဘက်ကို ပန်ကြားခဲ့တာတွေရှိတယ်။ ညှိနှိုင်းဆွေးနွေးခဲ့တာတွေရှိတယ်။ လာမယ့်ကာလမှာတော့ အစိုးရရော၊ တပ်မတော်ပါ အလေးအနက်ထားပြီး ဆောင်ရွက်သွားမယ်လို့ မျှော်လင့်ပါတယ်။

× × × ×

လက်ရှိတွင် နိုင်ငံရေးမူဘောင် မူကြမ်းရေးဆွဲရန်အတွက် အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့က ကိုယ်စားလှယ်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဦးခင်ရီ၊ MPC မှ အထူးအကြံပေး ဦးတင်မောင်သန်းနှင့် ဦးလှမောင်ရွှေ တို့အား ရွေးချယ်ထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNU/KNLA-PC) မှ ဗိုလ်မှူးကြီး စောကျော်ညွန့်၊ ချင်းအမျိုးသားတပ်ဦး (CNF) မှ အဓိပတိ ကောင်စီဝင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) မှ အထူးအကြံပေး ဗိုလ်မှူးကြီး စောထူးထူးလေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်း၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ (ALP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ပဒိုမန်းမန်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဗဟိုကော်မတီဝင် ခွန်ထွန်းတင်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ အထူးအကြံပေးစိုင်းခွမ်မိန်းတို့ ပါဝင်သည်။



❖ ကျောဖုံးမှ

**မေး ။ ဖားကန့်မြို့ မြေစာပုံပြိုကျမှုနဲ့ပတ်သက်ပြီး နောက်ဆုံးအခြေအနေလေး သိချင်ပါတယ်။**

ဖြေ ။ ဒီနေ့တော့ ကျွန်တော်တို့ ဘတ်ဟိုးယာဉ် ၂၁ စီးနဲ့ ရှာဖွေမှုတွေလုပ်ပါတယ်။ လူမှုကူညီရေးအဖွဲ့တွေရော အားလုံးလူအင်အား ၄၀၀ လောက်ပါတယ်။ ဒီနေ့ကတော့ အမျိုးသားအလောင်း တစ်လောင်းပဲ ရပါသေးတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်လည်း အခင်းဖြစ်တဲ့နေရာကို ဒီနေ့ မွန်းလွဲ ၁ နာရီလောက်မှာ ရောက်ပါတယ်။ နောက်ပြီးတော့ ဆိပ်မူကျေးရွာမှာရှိတဲ့ မဏိသုခကျောင်းတိုက်မှာ သေဆုံးသူတွေရဲ့ မိသားစုတွေကို အထောက်အပံ့တွေပေးပါတယ်။ ထောက်ပံ့ကြေးအနေနဲ့ကတော့ သေဆုံးသူသိတဲ့မိသားစုတွေကို ငွေကျပ်ခြောက်သိန်းနဲ့ ဆန်တစ်အိတ်၊ ဆီနှစ်ပိဿာထောက်ပံ့ပါတယ်။ သေဆုံးသူမသိသေးတဲ့ မိသားစုတွေကို ငွေကျပ် လေးသိန်း၊ ဆန်တစ်အိတ်နဲ့ ဆီနှစ်ပိဿာကို လျာထားပြီးတော့ ပေးအပ်သွားမှာဖြစ်ပါတယ်။

**မေး ။ အခု ဒီနေ့အတွက်ကတော့ တစ်ယောက်ပဲရှာဖွေတွေ့ရှိတယ်ဆိုတော့ အရင်နေ့နဲ့ပေါင်းလိုက်ရင် သေဆုံးသူဘယ်နှဦး ဖြစ်သွားပြီလဲ။**

ဖြေ ။ ဒီနေ့ဆိုရင် လေးရက်မြောက်နေ့ရှိပါပြီ။ ပထမဦးဆုံးနေ့က ၇၉ လောင်း၊ ဒုတိယနေ့မှာတော့ ၂၆ လောင်း၊ တတိယနေ့မှာတော့ ရှစ်လောင်း၊ ဒီနေ့လေးရက်မြောက်နေ့မှာတော့ အမျိုးသားအလောင်းတစ်လောင်း စုစုပေါင်းအနေနဲ့ကတော့ ၁၁၄ လောင်းရရှိထားပါပြီ။

**မေး ။ ရှာဖွေတွေ့ရှိတာ ဒီနေ့အထိ ၁၁၄ လောင်းရှိပြီဆိုတော့ မြေစာပုံပိသွားတဲ့ အိမ်ခြေက ဘယ်လောက်ရှိနိုင်ပါသလဲ။**

ဖြေ ။ မြေစာပုံပိသွားတဲ့ အိမ်ခြေက ၃၀ နဲ့ ၅၀ ကြား ပတ်ဝန်းကျင်လောက် ရှိမယ်လို့ ခန့်မှန်းပါတယ်။

**မေး ။ မြေစာပုံတွေက ဘယ်ကနေဖြစ်လာတာပါလဲ။**

ဖြေ ။ ဖားကန့်မှာ နိုင်ငံတော်ကို တရားဝင်ခွင့်ပြုချက်လျှောက်ပြီးတော့ ကုမ္ပဏီတွေနဲ့ နိုင်ငံတော်နဲ့အကျိုးတူ ကျောက်မျက်လုပ်ကွက်တွေ အများကြီးရှိပါတယ်။ ဧကမိုင်ဆယ်ဂဏန်းပတ်လည်လောက်ရှိပါတယ်။ အဲဒီလိုရှိတဲ့အခါ မြေစာပုံစွန့်မယ့် နေရာတွေကိုလည်း နိုင်ငံတော်ကိုကုမ္ပဏီတွေက တရားဝင်တောင်းခံပါတယ်။ တောင်းခံပြီးတော့စုပုံပါတယ်။ စုပုံတဲ့အခါမှာ သူတို့အကျိုးတူကုမ္ပဏီတွေကနေပြီးတော့ ရှာပြီးသွားတဲ့မြေကြီးတွေပါ။ အဲဒီမြေစာတွေကို သတ်မှတ်စွန့်ပစ်နေရာမှာ ကျွန်တော်တို့ စွန့်ပစ်ပါတယ်။ စွန့်ပစ်တဲ့အခါမှာကျန်တဲ့ကျောက်တွေကလည်း တချို့ဆိုရင် သိန်းဂဏန်း၊ သောင်းဂဏန်းနောက်ပြီး သိန်းရာဂဏန်းအထိ ရတဲ့အနေအထားတွေလည်း ရှိပါတယ်။ အဲဒါတွေကို ကျောက်နားလည်တဲ့ အနယ်နယ်အရပ်ရပ်ကလူတွေက ရေမဆေးကျောက်လို့ခေါ်တာပါ။ အဲဒါတွေကို လာရောက်ပြီးတော့ ရှာဖွေကြတာပါ၊ ရှာဖွေရင်းနဲ့ သူတို့ကကျေးရွာ၊ မြို့တွေနဲ့လည်းဝေးတဲ့အခါကျတော့ အဲဒီနားလေးမှာပဲ တဲထိုးပြီးတော့နေကြတာပါ။ နေတဲ့အချိန်မှာ အခုလို ဖြစ်သွားတာပါ။

**မေး ။ ဒီလိုမျိုးအန္တရာယ်တွေဖြစ်နိုင်တယ်ဆိုတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက တားဆီးတာတွေရော ရှိပါသလား။**

ဖြေ ။ ရှိပါတယ်။ ကျွန်တော်တို့မကြာမကြာ ရှင်းလင်းတာတွေလုပ်ပါတယ်။ ဒါပေမယ့် ကျောက်တစ်လုံးအတွက် ရရှိတဲ့တန်ဖိုးကလည်း မက်မောစရာဖြစ်နေတော့ တော်တော်လေးကို ခက်ခက်ခဲခဲရှိပါတယ်။ နားလည်သဘောပေါက်ဖို့ကတော့ တော်တော်လေးပြည့်ဝဖို့ လိုအပ်ပါတယ်။

**မေး ။ အရင်တုန်းကရော မြေစာပုံပြိုတာတွေ ဖြစ်ဖူးပါသလား။**

ဖြေ ။ မနှစ်ကတော့ အခုလောက်နီးပါး အနေအထားတစ်ကြိမ် ကြားသိရပါတယ်။ ကြားထဲမှာလည်း အခုလို တစ်ယောက်စ၊ နှစ်ယောက်စပေါ့ မြေစာပုံပိတဲ့ဖြစ်စဉ်လေးတွေလည်း ကျွန်တော်တို့ ကြုံတွေ့ရပါတယ်။

**မေး ။ အဲဒီလိုကြုံခဲ့ဖူးရဲ့သားနဲ့ ဒီလိုတွေဖြစ်တာဆိုတော့ ဘယ်လိုတွေ တားဆီးထားလဲဆိုတာကို ပြောပြပေးပါဦး။**

ဖြေ ။ အမှန်ကတော့ သူတို့က သိတော့သိပြီးသားပါ။ ဒီမှာ အဓိကတော့ လုပ်ငန်းခွင်နေရာကို သူတို့မချဉ်းကပ်ဖို့ ပြောဆိုထားတာတွေရှိတယ်။ ကျွန်တော်တို့ တာဝန်ရှိတဲ့အဖွဲ့အစည်းတွေကလည်း စုပေါင်းပြီးတော့ ရှင်းတဲ့အနေအထားတွေရှိတယ်။ ရှင်းလိုက်ပြီဆိုရင်လည်း ခဏပဲ။ လုပ်ကွက်တွေက မြို့နဲ့ဆိုရင် ၁၀ မိုင်ကျော်အကွာမှာ ရှိကြတယ်။ သွားရေးလာရေးကလည်း ခက်တယ်။ သူတို့ကတော့ အဲဒီမှာပဲ ဖြစ်သလိုအချိန်ပြည့် တဲလေးတွေထိုးပြီးတော့နေကြတာပါ။ လူနေတယ်ဆိုတော့ မုန့်ဆိုင်လေးတွေလည်းရှိပါတယ်။ အဲဒီမှာသူတို့က မှီတွဲပြီးတော့ မပြန်ကြဘဲနေကြတာပါ။

**မေး ။ အခုလိုမျိုး အသက်ပေါင်းများစွာဆုံးရှုံးသွားတယ်ဆိုတော့ နောက်တစ်ခါ ဒီလိုမဖြစ်အောင် ဆရာတို့အနေနဲ့ ဘယ်လိုတားဆီးမှုတွေ ပြုလုပ်သွားမယ်ဆိုတာကို ပြည်သူတွေသိအောင် ပြောကြားပေးပါဦး။**

ဖြေ ။ ဒါကတော့ ကုမ္ပဏီတွေဘက်ကလည်း စနစ်တကျနဲ့ အန္တရာယ်မရှိနိုင်တဲ့ အနေအထားမျိုးတွေမှာ သူမြေစာပုံတဲ့လုပ်ကွက်တွေရယူဖို့ လိုအပ်သလို၊ မြေစာပုံတွေနားမှာလည်း ရေမဆေးကျောက်သမားတွေဟာ အခြေချပြီးတော့ နေထိုင်မှုမရှိဘူးဆိုရင် အဆင်ပြေသွားမှာပါ။ အဲဒီအသိတရားကို နှစ်ဖက်လုံးက ရှိဖို့လိုပါတယ်။

# တောင်ငူမြို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကို အလှပြယာဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်

**တောင်ငူ နိုဝင်ဘာ ၂၄**

တောင်ငူမြို့၏ (၈၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ယာဉ်များကို နိုဝင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးအနီး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူ ဘုရားများလှည့်လည်ပူဇော်ပွဲကို တောင်ငူမြို့ရှိ ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်နှင့် ဘာသာရေးလူမှုရေးအသင်းများမှ နှစ်ကျိပ်ရှစ်ဆူဘုရားများကို တောင်ငူမြို့တွင်း တစ်လမ်းဝင်တစ်လမ်းထွက် ပင့်ဆောင်လှည့်လည်အပူဇော်ခံကြသည်။ ထိုသို့လှည့်လည်အပူဇော်ခံရာတွင် ဗုဒ္ဓဝင်သမိုင်းနောက်ခံများကို အလှဆင်ပုံဖော်ထားသည့် အလှပြယာဉ်များဖြင့် ပင့်ဆောင်လှည့်လည်သည်ကို တွေ့ရသည်။ **(ယာပုံ)**

ထိုကဲ့သို့ အလှပြယာဉ်များဖြင့် လှည့်လည်ခြင်းနှင့်ပတ်သက်၍ ဘုရားအမှတ်(၁၂) နာရဒဘုရားရှင်အား မဲပေါက်ပူဇော်ခွင့်ရသည့် တောင်ငူမြို့ဒေသခံ ဒေါက်တာဘဆွေက "ကျွန်တော်တို့တောင်ငူမှာက နှစ်ကျိပ်ရှစ်ဆူ ဘုရားများလှည့်လည်အပူဇော်ခံတာ အကြိမ်ပေါင်း ၈၄ ကြိမ်ရှိပါပြီ။ ကျွန်တော်တို့ကတော့ ၅၀၀ နှစ်ပြည့်ကစပြီး မနှစ်က ၅၀၄ နှစ်ပြည့်အထိ ပထမဆု သုံးကြိမ်ရခဲ့ပါတယ်၊ ဒီနှစ်ကတော့ ပြိုင်ပွဲတော့မဝင်ဖြစ်တော့ပေမယ့် ကျွန်တော်တို့ ဘုရားပင့်တဲ့ အလှပြယာဉ်ကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်"ဟု ပြောသည်။

အလှပြယာဉ်များဖြင့် တောင်ငူမြို့တွင်း လှည့်လည်ပူဇော်ရာတွင် ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဗဟိုမဏ္ဍပ်မှ စတင်ကာ တောင်ငူမြို့တွင်းသို့ နံနက်နှစ်နာရီခန့်အထိ လှည့်လည်အပူဇော်ခံလေ့ရှိကြောင်းသိရပြီး ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အလှပြယာဉ်များ၏ ဆုရရှိမှုကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဆုများပေးမည်ဖြစ်ကာ ဆုအနေဖြင့် ပထမဆု ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ်သိန်း ၇၀၊ တတိယဆုကျပ်သိန်း ၅၀ နှင့် နှစ်သိမ့်ဆု ကျပ် ၁၅ သိန်းစီဖြင့် ငါးဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**





# စံပြဆေးရုံကြီးတွင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့ သယ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်း ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် သယ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲနှင့် အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသား သွေးဌာန၌အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ၁၀ ဦး၊ အမှတ်(၅)လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ အမှတ်(၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၀၊ အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးတို့အပြင် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၀၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၀၊ မိသားစုဝင်နှစ်ဦး၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဟားခါးမြို့၌ ပေါက်ကွဲမှုကြောင့် ပျက်စီးသည့် အဆောက်အအုံများနှင့် အမှိုက်သရိုက်များကို ရှင်းလင်း

**ဟားခါး နိုဝင်ဘာ ၂၄**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်/သီတာလမ်း၌ နိုဝင်ဘာ ၂၂ ရက် ညက ဖြစ်ပွားသော ပေါက်ကွဲမှုကြောင့် ပျက်စီးသည့် အဆောက်အအုံများနှင့် ပြန့်ကျဲသည့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်းကို ယနေ့ နံနက် ၈ နာရီက ဟားခါးမြို့ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့်ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းပေးလျက်ရှိသည်။ **(အောက်ပုံ)**

ယင်းပေါက်ကွဲမှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးသည့် အိမ်ထောင်စုရှစ်စုအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့က လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းသုံးမျိုးကို ဟားခါးမြို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်းကောင်း၊ ဟားခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းရှစ်မျိုးကိုလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**






မန္တလေးမြို့ရှိ ရှမ်းလူမျိုးများနှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့နှင့် စစ်ပွဲများရပ်ရန်လိုလားသူများစုပေါင်းကာ ဆန္ဒထုတ်ဖော်နေမှုကို တွေ့ရစဉ်။

◆ **ရှေ့ဖုံးမှ**

"စစ်ပွဲများ ချက်ချင်းရပ်" ဟူသော ကြွေးကြော်သံကို ကြွေးကြော်ကြသည်။ ထို့အပြင် စစ်ပွဲများ ရပ်ဆိုင်းရေးအတွက်လည်း လက်မှတ်ထိုးရန် စီစဉ်ဆောင်ရွက်ထားပြီး တက်ရောက်လာသူများက လက်မှတ်ထိုးကြသည်။

"စစ်ပွဲတွေအသံကြောင့် ရှမ်းပြည်နယ်မှာ ညမအိပ်နိုင်အောင် ဖြစ်နေတယ်။ ကလေးတွေ စိတ်အနာတရဖြစ်မှာ စိုးရိမ်တယ်။ နိုင်ငံရဲ့ အနာဂတ်ကလေးတွေကို စစ်ပွဲရဲ့ ဆိုးကျိုးတွေ မခံစားစေချင်ဘူး။ အားလုံးကလည်း စစ်ပွဲတွေရပ်စေချင်တာကြောင့် ဆန္ဒပြတာဆိုတော့ လူကြီးတွေအနေနဲ့ စဉ်းစားပေးလိမ့်မယ်လို့ ထင်ပါတယ်။ မန္တလေးကတော့ အခုဆန္ဒပြတာ ပထမအကြိမ်ပါ။ ရန်ကုန်မှာလည်း လုပ်နေပါတယ်။ စစ်ပွဲတွေ ရပ်သွားမယ်လို့လည်း မျှော်လင့်ပါတယ်" ဟု ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သည့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့မှ မနန်းမောက်ဖောင်က ပြောပြသည်။

အဆိုပါ စစ်ပွဲများရပ်ဆိုင်းရန် ဆန္ဒထုတ်ဖော်ခြင်းကို စစ်ပွဲများအတွင်း ဒုက္ခခံစားနေရသူများ၊ အသက်ဆုံးရှုံးသူများအတွက် ရည်ရွယ်ကာ ဆန္ဒဖော်ထုတ်သူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် သုံးမိနစ်ခန့်ငြိမ်သက်ပြီး ရပ်သိမ်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ပြည်ထောင်စုအစိုးရအဖွဲ့၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းစဉ်မှတ်တမ်းများ စာအုပ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

"ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်မှတ်တမ်းများ" စာအုပ်ထွက်ရှိလာသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁) မှ (၈) အထိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအစရှိသည့် အကြောင်းအရာများကို စုံလင်စွာဖော်ပြထားသည်။ လူထုဗဟိုပြုပြောင်းလဲနိုင်ရေး ကြိုးနီစနစ်ဖယ်ရှားခြင်း၊ ပြည်သူအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် အဆင့်ဆင့်အာဏာခွဲဝေမှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းစဉ်များကို လေ့လာဖတ်ရှုနိုင်သည်။နိုင်ငံတော်သမ္မတ၏ပြုပြင်ပြောင်းလဲရေး "ပထမလှိုင်း"၊ "ဒုတိယလှိုင်း"၊ "တတိယလှိုင်း" ဖော်ဆောင်မှုများကို လည်း ဗဟုသုတရဖွယ် ဖတ်ရှုမှတ်သားနိုင်သည်။ အစိုးရအဖွဲ့သစ်တာဝန်ထမ်းဆောင်ခဲ့သည့် သက်တမ်းကာလ၌ ဆောင်ရွက်ခဲ့သည့်လုပ်ဆောင်ချက်များကို တစုတစည်း တည်းလေ့လာနိုင်သည့် စာအုပ်ဖြစ်သည့်အတွက် မြန်မာ့နိုင်ငံရေးအခြေအနေကို လေ့လာစောင့်ကြည့်သူများနှင့် ဗဟုသုတရှာမှီးလိုသူများအတွက် လက်မလွှတ်သင့်သည့် စာအုပ်ကောင်းဖြစ်သည်။ ရန်ကုန်၊ နေပြည်တော် ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူနိုင်သည်။

**(မြန်မာ့အလင်း)**




၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

" ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကူးစက်သေဆုံးမရှိရေး၊
ART (အေအာတီ)ဖြင့် ကုသပေး"

"Getting to Zero.
"Zero New HIV Infections. Zero Discrimination and Zero AIDS related Deaths"

## ညအပူချိန်များ လျော့နည်းမည်

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။**

(မိုး/ဇလ)

## ထစ်ချုန်းမိုး

နေပြည်တော် နိုဝင်ဘာ ၂၄

**တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ အများအားဖြင့် သာယာမည်။**

**ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

(မိုး/ဇလ)

## ဆင်းသွယ်လတ် စပါးစိုက်ခင်း ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်း

**အောင်လံ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၉-C) ဦးပိုင်အမှတ်(၂၃) တောင်သူ ဦးဝင်းနိုင်၏ ဆင်းသွယ်လတ်စပါးစိုက်ခင်းတွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က စက်မှုလယ်ယာအသွင်ကူးပြောင်းရေး အဆင့်ဆင့်ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေအောင်က ကောက်ရိတ်စက်၏ စွမ်းဆောင်နိုင်မှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမောင်က ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ ကောက်ရိတ်စက်ဖြင့် ကောက်ရိတ်သိမ်းမှုကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ခင်ထွန်း၊ စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ တက်ရောက်အားပေးကြပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၉၈ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

## ပေါ်ဦးပေါ်ဖျားစပါးနှင့် ဆန်များ ဈေးကောင်းရလျက်ရှိ

**ဖြူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့နယ်ရပ်ကွက်အချို့တို့မှ ၂၀၁၅ ခုနှစ် မိုးစပါး လျာထားချက်အတိုင်း ၁၅၁၈၂၉ ဧက စိုက်ပျိုးခဲ့ကြရာ ဇူလိုင်လနှင့် ဩဂုတ်လများက မိုးရွာသွန်းမှုများပြားခဲ့သဖြင့် စစ်တောင်းမြစ်အနီးမှ စပါးစိုက်ဧကအချို့ ပျက်စီးခဲ့ရပြီး မြစ်ရေများကျဆင်းချိန်တွင် ပျက်စီးသွားသောလယ်မြေအချို့မှာ ပြန်လည်စိုက်ပျိုးအောင်မြင်ခဲ့ကြကြောင်း သိရသည်။

သို့သော် စိုက်ဧကအများအပြားမှာ မိုးလယ်၊ မိုးနှောင်း မိုးရွာသွန်းမှုကောင်းခဲ့သဖြင့် စပါးအထွက်နှုန်းများ အထူးကောင်းမွန်စွာထွက်ရှိကြောင်း သိရှိရပြီး ရိတ်သိမ်းပြီးစပါးများမှာ ပျော့ထွန်းစပါးနှင့် ဆင်းသုခ စပါးတင်း ၁၀၀ ငွေကျပ်သိန်း ၅၂၅၀၀၀၊ ဗီယက်နမ်စပါးမျိုးတင်း ၁၀၀ ငွေကျပ် သိန်း ၅၀၀၀၀၀ ဖြင့်ရောင်းချနေကြရကာ ကြိတ်ခွဲပြီး ပျော့ထွန်းနှင့် ဆင်းသုခဆန်တစ်တင်းခွဲဝင်တစ်အိတ် ငွေကျပ် ၂၀၀၀၀၊ ဗီယက်နမ်မျိုးဆန်တစ်တင်းခွဲတစ်အိတ် ငွေကျပ် ၁၉၀၀၀ နှင့် ယခုရက်ပိုင်းတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ရန်ကုန်တိုင်းဒေသကြီးမှ ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာန၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခ ရဲမြ၊ ဒေါက်တာဝင်းဇော်၊ ဒေါက်တာတင်အေးနှင့် Vijay Kumar တို့က ဟောပြောမည်ဖြစ်ရာ ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

**(မြန်မာနိုင်ငံ ဆရာဝန်အသင်း)**

## နိုဝင်ဘာ ၂၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၅၅၅၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၂၀၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၃၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၈၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၁၀၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၅၀၀ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀ မှ ၃၁၅၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၅၉၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၅၀ မှ ၃၅၀၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀ မှ ၈၆၀ |
| ၁၄ | ဆီးသီး(အချဉ်) | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၅၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၄၀၀၀ |
| ၁၆ | ဩဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၅၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၃၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## စာပေမြင့်မှ လူမျိုးတင့်မည်


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၂) မှ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ချောင်းမ-ကနီလမ်းပေါ်ရှိ ရေဝါချောင်းတံတား အပေါ်ထည်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် Steel Decking များအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၁၂-၂၀၁၅ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၂-၁၂-၂၀၁၅ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မုံရွာမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မုံရွာမြို့နှင့်တံတားအထူးအဖွဲ့ (၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တို့တွင် ၂၄-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၆၄၇၂၆၅၂၊ ၀၉-၂၆၅၃၀၁၁၀၀၊ ၀၉-၅၄၀၇၃၇၁**

## မွေးနေ့ဆုတောင်း

**ချစ်ဇနီး**
Happy Birthday သဲ

ချစ်ဇနီး မမိုးပြည့်ပြည့်ဖြိုးရဲ့ ၂၅-၁၁-၂၀၁၅ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀)ကျော်တိုင် ချစ်သောဖေဖေ၊ မောင်၊ သားတို့နှင့်အတူ တိုင်းပြည်အကျိုးဘာသာသာသနာအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်သော ဇနီးကောင်းဖြစ်ပါစေကြောင်း ဆုတောင်းလျက်

**ချစ်ခင်ပွန်း** - ဗိုလ်မှူးကျော်ကိုကိုရှိန်း
**သားကြီး** - ကျော်ကိုကိုဆက်နိုင်(BRAIN Seniors-Breezy Total Parami)
**သားငယ်** - သုဝေယံရှိန်း(ခ)သုသု (BRAIN Leaders-Breezy Total Parami)
**သားငယ်လေး** - မိုးပြည့်စုံဟိန်း(ခ)စုံစုံ (BRAIN Champs-Aplomb Total Parami)

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု**

# viber မှတစ်ဆင့် နှစ်နှစ်ကြာရင်းနှီးခဲ့သူက တွေ့ဆုံရန်ချိန်းဆိုပြီး ပစ္စည်းလုယက်ထွက်ပြေး

**ထုံးအိုင် နိုဝင်ဘာ ၂၄**

မြဝတီမြို့နေ မ-- (၂၄) နှစ်အား လွန်ခဲ့သော နှစ်နှစ်ခန့်က viber မှတစ်ဆင့် ရင်းနှီးခဲ့ပြီး ပြင်ပတွင် မြင်တွေ့ဖူးခြင်းမရှိခဲ့သူ မောင်သီသီ ဆိုသူက ဘားအံတွင် တွေ့ဆုံရန် ချိန်းဆိုသဖြင့် နိုဝင်ဘာ ၂၁ ရက်က ညီမဝမ်းကွဲတော်စပ်သူနှင့်အတူ ၎င်း၏ ကိုယ်ပိုင်ယာဉ် Honda Fit ဖြင့် မြဝတီမှ ဘားအံသို့ ဆင်းလာခဲ့ကြောင်း၊ လမ်းတွင် ဖုန်းဖြင့် ဆက်သွယ်မှုအရ နောင်လုံတောင်ကြားသို့ မောင်းနှင်လာရာ ကော့ထမလိန်ကျေးရွာအုပ်စု ကံ့ကော်တစ်ထောင် ဘုရားအနီးအရောက်တွင် မောင်သီသီက ဖုန်းဆက်ပြီး မ--၏ ယာဉ်ကို တွေ့ပြီဖြစ်၍ ရပ်ပေးရန် ဖုန်းဆက်ပြောခဲ့ကြောင်း၊ ထို့ကြောင့် ရပ်ပေးခဲ့ရာ Vigo အနက်ရောင်ယာဉ် (နံပါတ်မမှတ်မိ) က ၎င်းတို့ယာဉ်နောက်တွင် ပိတ်ရပ်ပြီး အခြားအမျိုးအစားမသိ ယာဉ်တစ်စီးက ရှေ့မှ ပိတ်ရပ်ခဲ့ကြောင်း၊ ထို့နောက် အမျိုးသား လေးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဆင်းလာပြီး အမျိုးသားလေးဦးအနက် မ--- နှင့် လွန်ခဲ့သော နှစ်နှစ်ခန့်က လပိုင်းမျှချစ်ကြိုက်ခဲ့ဖူးသူ ရွှေစူဝံ (၂၄နှစ်) က မ----၏ နားထင်အား ပစ္စတိုသေနတ်ဖြင့်ချိန်ကာ ပါလာသော အမျိုးသမီးက မ---၏ ဆံပင်အား ဆွဲပြီး ယာဉ်ပေါ်မှ လမ်းဘေးသို့ ဆွဲချကန်ကျောက်ခဲ့ကြောင်း၊ ထို့ပြင် မ---၏ ညီမဝမ်းကွဲအားလည်း ယာဉ်ပေါ်မှ ဆွဲချထားခဲ့ပြီး မော်တော်ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားကြကြောင်း သိရသည်။

ယာဉ်ပေါ်၌ i Phone နှစ်လုံး၊ ipad တစ်လုံး၊ ကင်မရာတစ်လုံး၊ Samsung Note 2 တစ်လုံး၊ စိန်လော်ကတ်သီး တစ်ခု၊ နာရီမျိုးစုံ သုံးလုံး၊ ငွေကျပ် ၁၀ သိန်းနှင့် မိန်းကလေးအသုံးအဆောင်များပါ အိတ်လေးလုံး စုစုပေါင်း ကာလတန်ကြေး သိန်း ၈၀ ခန့်တို့ပါသွားကြောင်း ထုံးအိုင်နယ်မြေစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ရွှေစူဝံနှင့် အပေါင်းပါများအား ဖမ်းဆီးရမိရေးအတွက် ဆက်စပ် ရဲစခန်းများနှင့် ချိတ်ဆက်ပြီး စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကထိန်ပွဲလုံခြုံရေးနှင့် ပတ်သက်၍ စကားများရာမှ လူသတ်မှုဖြစ်

**ကသာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီး ကျေးရွာအနီး ဂျောင်ကျကွင်းအခင်းတဲနေအိမ်၌ လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ထုံးကြီးရွာ ဂျောင်ကျကွင်း အခင်းတဲနေ ကိုထွန်းလင်းနှင့်မချိုမာဝင်းတို့၏နေအိမ်သို့ နိုဝင်ဘာ ၂၃ ရက်က ခဲအိုလင်မယားဖြစ်သူ ကိုမင်းမင်းနှင့်မညိုတို့ရောက်ရှိလာပြီး ပြီးခဲ့သည့်ညကကထိန်ပွဲတွင် လုံခြုံရေးဆောင်ရွက်သည့်ကိစ္စနှင့်ပတ်သက်ပြီး အမျိုးသားနှစ်ဦးစကားများကြရာ ကိုမင်းမင်းက ထွန်းလင်းအား တူမီးသေနတ်ဖြင့်ပစ်ခဲ့ရာ ကိုထွန်းလင်းမှာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တူမီးသေနတ်ဖြင့်ပစ်ခဲ့သူမင်းမင်းအား ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ထီးချိုင့်မြို့နယ် နေပူတောင်အဆင်း ယာဉ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ သဲချောင်းအတွင်းထိုးကျ

**ကသာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ထီးချိုင့်မြို့နယ် ပျဉ်တောကြီးဝိုင်း နေပူတောင်အဆင်းတွင် မန္တလေး- ထီးချိုင့်ပြေးဆွဲနေသည့် "မန်းရွှေစင်" မှန်လုံယာဉ် တစ်စီး ကားဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ သဲချောင်းအတွင်း ထိုးကျခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀က မန္တလေးမှထီးချိုင့်ဘက်သို့ ယာဉ်မောင်းထွန်းထွန်း မောင်းနှင်ပြီး ယာဉ်နောက်လိုက်ထွန်းအောင်ကျော်နှင့် သိန်းစိုးတို့နှင့် အတူခရီးသည် ၁၄ ဦး လိုက်ပါလာသည့် မန္တလေး-ထီးချိုင့်ပြေးဆွဲနေသည့် "မန်းရွှေစင်" မှန်လုံယာဉ်အမှတ် ၅ယ/. . . . ဟွန်ဒိုင်းယာဉ်မှာ ထီးချိုင့်မြို့နယ် ပျဉ်တောကြီးဝိုင်း နေပူတောင်အဆင်း ရွှေဘို-မန္တလေး မဟာဗျူဟာ ကားလမ်းမိုင်တိုင် အမှတ် ၁၁၂/၇ အနီးတွင် ကားဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ သဲချောင်းအတွင်း ထိုးကျခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ထိခိုက်ဒဏ်ရာမရှိကြောင်း တာဝန်ရှိသူများ၏ စစ်ဆေးတွေ့ရှိချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ထွန်းထွန်း (၃၄ နှစ်)ကန့်ဘလူမြို့အား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# လမ်းဘေးတွင်စက်ပြင်နေသည့်ယာဉ်ကို ဘရိတ်ပေါက်ယာဉ်က ဝင်တိုက်၍ တစ်ဦးသေ

**ကျိုက်ထို နိုဝင်ဘာ ၂၄**

ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းတွင် နိုဝင်ဘာ ၂၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်မှာ လက်ပြကျေးရွာ ပြုံးမမထမင်းဆိုင်ရှေ့ကားလမ်းဘေးတွင် စက်ပြင်ရန်ရပ်ထားသည့် စစ်စိမ်းရောင်ယာဉ်အား သက်ဇော်ဝင်းမောင်းနှင်လာသည့် အဖြူရောင် ၁၂ ဘီးယာဉ်က ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိရာ ယာဉ်အောက်တွင်ပြင်ဆင်နေသည့် တပ်မတော်သား ဒုတပ်ကြပ်တင်နွယ်မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး တပ်ကြပ်စိုးနိုင်နှင့် တပ်သားသန်းထွန်းအောင်တို့မှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

အဆိုပါအတိုက်ခံရသည့်ယာဉ်မှာ ဒုအရာခံမိုးကျော်ခေါင်ဦးစီး၍ အင်းတိုင်အလုပ်ရုံ(၁)မှ သထုံမြို့သို့ရိက္ခာဆန်များပို့ရန် တပ်ပိုင်ယာဉ် ၁၅ စီးဖြင့် လာရောက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ဇီးကုန်းမြို့နယ် ကံကြီးရွာသစ် မီးလောင်မှုဖြစ်ပွား



**ဇီးကုန်း နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကံကြီးရွာသစ်တွင် နိုဝင်ဘာ ၂၁ရက်က မီးလောင်မှုဖြစ်ပွား ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိတ်ဖူးကျင်းအုပ်စု ကံကြီးရွာသစ်စခန်း အရှေ့ဆန်း မျိုးဦး၏ ၃×၃ ပင် အိမ်သွပ်မိုး ထရံကာနေအိမ်မှ စတင်မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်ကပ်လျက် မတင်တင်ထွေး ၃×၃ ပင် သွပ်မိုးထရံကာနေအိမ်အား ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးပေါ့ဆစွာ သုံးစွဲခဲ့သူ ဆန်းမျိုးဦးအား ဇီးကုန်းမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ဇီးကုန်း)**

# ဆိုင်ကယ်နှင့် လိုက်ထရပ်ယာဉ် မျက်နှာချင်းဆိုင်တိုက်၊ ဆိုင်ကယ်မောင်းနှင်သူသေဆုံး

**မြင်းမူ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီး မုံရွာ-မြင်းမူ-မန္တလေး ကားလမ်းပေါ်တွင် နိုဝင်ဘာ ၂၃ရက် ညပိုင်းက မန္တလေးသို့ ဦးကိုကိုကြီး မောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်နှင့် မုံရွာဘက်သို့မြင့်မောင်စီးနင်းလာသောC ZI (နံပါတ် မပါ)ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ မြင့်မောင်မှာ ဒဏ်ရာများရရှိခဲ့ပြီး မြင်းမူဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သည်။ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ လိုက်ထရပ်ယာဉ်မောင်း ဦးကိုကိုကြီးနှင့် ဆိုင်ကယ်မောင်းနှင်သူ မြင့်မောင်(သေဆုံး)တို့ကိုဥပဒေအရ အရေးယူရန် မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(၀၇၉)**

# ဆိုင်ရှေ့ရပ်နေသူထံမှ ဆွဲကြိုးဖြတ်ပြေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

လှိုင်သာယာမြို့နယ် အမှတ်(၁၂)ရပ်ကွက် ပေါ်ဆန်းမွှေး(၁)လမ်း မြနန္ဒာစတိုးဆိုင်မှ ဆိုင်ပိုင်ရှင်မနွယ်နွယ်ဝင်းသည် ဆိုင်ရှေ့တွင် မတ်တပ်ရပ်နေစဉ် အမည်မသိ ဆိုင်ကယ်သမားနှစ်ဦးက ဆိုင်ကယ်မောင်းလာကာ နောက်မှထိုင်နေသူက ဆွဲကြိုးဖြတ်ပြီး မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

ဆွဲကြိုးမှာ ကျပ်သိန်း ၂၀ တန်ဖိုးရှိကြောင်းသိရပြီး လှိုင်သာယာသောင်ကြီးရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကာ အပိုင်နယ်ထိန်းက လိုက်လံစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**


ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄

မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂

မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀

မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂

မင်္ဂလာထွန်းသီရိ (မြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂

နေပြည်တော်(၁) ဖုန်း - 251277 251288

မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂

နေပြည်တော်(၂) ဖုန်း - 251277 251288

မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀



# ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင် စက်ရေတွင်းများတူးပေး

**ရမည်းသင်း နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိုးပါးရေရှားရပ်ဝန်းတွင် ပါဝင်သည့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များရှိ စိုက်ပျိုးရေးအခက်အခဲရှိနေသည့် ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရမည်းသင်းခရိုင်တွင် စက်ရေတွင်း ၉၀ တူးဖော်ပေးရန်လျာထားရာ ယခုအခါ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များတွင် စက်ရေတွင်း ၆၅ တွင်း တူးဖော်ပြီးဖြစ်ကာ ကျန်စက်ရေတွင်း ၂၅တွင်းကိုလည်း ဆက်လက်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စိုက်ပျိုးရေရရှိရေးအတွက် ရမည်းသင်းမြို့နယ် ထန်းတော-ကြံပင်ကျေးရွာအုပ်စုတွင် စက်ရေတွင်း ၂၀၊ ကမ္မကျေးရွာအုပ်စုတွင် စက်ရေတွင်း ၂၀ စုစုပေါင်း ကျေးရွာခုနစ်ရွာတွင် စက်ရေတွင်း ၄၀ တူးမည်ဖြစ်ရာ ၃၅ တွင်းတူးဖော်ပြီးဖြစ်သည်။

ပျော်ဘွယ်မြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် ရွှေညောင်ဖူးကျေးရွာအုပ်စု၊ ဖောင်းတောကျေးရွာအုပ်စု၊ သပြေရိုးကျေးရွာအုပ်စု၊ ပင်မြိုင်ကျေးရွာအုပ်စု၊ ဧကရာဇ်ကန်းကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာအုပ်စု၊ တောတွင်းလှကျေးရွာအုပ်စု၊ ထရံကာကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု၊ ထန်းတောကြီး ကျေးရွာအုပ်စုနှင့် တွင်းရွာအုပ်စုအတွင်းရှိ ကျေးရွာ ၃၃ ရွာတွင် စက်ရေတွင်းပေါင်း ၅၀ တူးရန်လျာထားရာ ယခုအခါ စက်ရေတွင်းပေါင်း ၃၀ တူးဖော်ပြီးဖြစ်သည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ ကျန်စက်ရေတွင်းငါးတွင်းနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျန်စက်ရေတွင်း ၂၀ ကိုလည်း စီမံကိန်းလျာထားချက်အတိုင်း အပြည့်အဝဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာ



များ စက်ရေတွင်းများမှ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိကာ သီးနှံစိုက်ပျိုးခဲ့ရာ အထူးအောင်မြင်လျက်ရှိပြီး ကြက်သွန်စျေးနှုန်းများ မြင့်တက်လာခြင်းကြောင့် မြေအောက်စက်ရေတွင်းရေဖြင့် ကြက်သွန်ခင်းများ စိုက်ပျိုးထားရှိခြင်းအတွက် တောင်သူများပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မကွေးပြည်သူ့ဆေးရုံကြီးသို့ လူနာနှင့်လူနာစောင့်များအတွက် အာဟာရကုသိုလ်လှူဒါန်းသူများ ပိုမိုများပြားလာ

**မကွေး နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးကုသမှုခံယူနေကြရသော အတွင်းလူနာနှင့် လူနာစောင့်များအတွက် တစ်ဦးချင်းသာမက မြို့ပေါ်ရပ်ကွက်များမှလည်း နံနက်စာ၊ နေ့လယ်စာများကို မိမိတို့စေတနာအလျောက် ထမင်း၊ ဆန်ပြုတ်များလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့ အောင်ဇေယျာရပ်ကွက်မိသားစုများက မိမိတို့တတ်နိုင်သရွေ့ ဖွယ်ဖွယ်ရာရာများ ချက်ပြုတ်ကြကာ ထမင်းထုပ် ၅၂၀ ကို နေ့လယ်စာအဖြစ် စားသုံးရန် အတွင်းလူနာနှင့် လူနာစောင့်များအတွက် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက ရပ်မိရပ်ဖများ၊ အလှူရှင်များကိုယ်တိုင် အတွင်းလူနာနှင့် လူနာစောင့်များအား လှူဒါန်းသွားကြောင်း အောင်ဇေယျာရပ်ကွက်မှ အလှူရှင်တစ်ဦးက ပြောသည်။

ဝိသာခါအာဟာရ ကုသိုလ်ပြုအဖွဲ့အကျိုးတော်ဆောင် ကိုသောင်းထွန်းက "စေတနာအလျောက်ကိုယ်တိုင်လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ အလှူရှင်ပေါ်လျှင်ပေါ်သလို နံနက်စာကို ဆေးရုံအုပ်ကြီးဦးပေါ်ထွန်းက ကြက်သားဆန်ပြုတ်နေ့စဉ်လှူပါတယ်။ နေ့လယ်စာကတော့ မြို့ပေါ်က တစ်ဦးချင်းထက် ရပ်ကွက် တွေက လာလှူကြပါတယ်။ သိင်္ဂါဂီရပ်ကွက်၊ အောင်ဇေယျာရပ်ကွက်၊ ပြည်တော်သာရပ်ကွက်တွေက အလှူများတယ်။ အောင်ဇေယျာရပ်ကွက်က ခုအကြိမ်ပါဆိုရင် ငါးကြိမ်ရှိသွားပြီ။ တစ်လတစ်ကြိမ်လာလှူပါတယ်" ဟု ၎င်းက ပြောသည်။

လှူဒါန်းလိုပါက ၀၉-၇၉၄၅-၆၇၈၁၈၊ ၀၉-၄၀၁၅၅၆၁၄၅၊ ၀၉-၉၆၀၅၉၉၉၂၈ ဝိသာခါအာဟာရကုသိုလ်ပြုအဖွဲ့ မကွေးသို့ ဆက်သွယ်၍အလှူရှင်များက အာဟာရဒါနကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်အရ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးဖြစ်သော်လည်း တိုးချဲ့လာသော လူဦးရေနှင့် မမျှမတဖြစ်ကာ အတွင်းလူနာ ၂၀၀ ကျော်ခန့်ရှိသောကြောင့် လူနာများအတွက် နေရာအခက်အခဲရှိသည်ဟု လူနာရှင်များက ပြောသည်။ ခုတင်တိုးချဲ့ရန်နှင့် ခုတင်တိုးချဲ့ဆောင် အမြန်ဆုံး ဆောက်လုပ်ပေးရန် လိုအပ်နေသည်ဟု လူနာရှင်များက ဆက်လက်ပြောပြ၍ သိရသည်။

မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ မကွေးတိုင်းဒေသကြီးမှ ၂၅ မြို့နယ်နှင့် ဒေသခံပြည်သူများသည် အရေးပေါ်လူနာများနှင့် ခွဲစိတ်ကုသခံယူရာတို့တွင်လည်း လူနာများ၏ ယုံကြည်မှု၊ အားကိုးမှုမှာ ယခင်ကထက် ပိုများပြားလာသည်ဟု ဆိုသည်။ ငွေကြေးကုန်ကျမှုသက်သာခြင်း၊ လူနာအပေါ်ဆက်ဆံရာတွင် နွေးထွေးမှုရှိခြင်းတို့ကြောင့် ဆေးရုံကြီးသို့ အားထားကာ ဆေးဝါးကုသခံယူသူ ပိုမိုများပြားလာခြင်းဖြစ်သည်။ မျက်စိခွဲစိတ်ကုသခြင်း၊ မျက်ကြည်လွှာတပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားခြင်းစသော အကြီးစားခွဲစိတ်မှုလုပ်ငန်းများတွင် လည်း ဆေးဝါးများအခမဲ့ပေးခြင်းတို့ကြောင့် ငွေကြေးကုန်ကျမှုနည်းပါးသည်ဟု သိရသည်။

"ကျွန်တော် မျက်စိခွဲတာ မျက်ကြည်လွှာတပ်ခ၊ ခွဲစိတ်ခ ဆေးဖိုးဝါးခတစ်ပြားမှ မကုန်ဘူး" ဟု၍ မကွေးမြို့ ကန်သာရပ်ကွက် အသက် ၇၅ နှစ် အရွယ်ရှိ ဦးခင်မောင်မြင့်က ပြောသည်။

"ကျွန်မ ဗိုက်ခွဲမွေးရတာ ဆေးရုံကြီးမှာ ခွဲစိတ်ခ တစ်ပြားမှ မပေးရဘူး" ဟု၍ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသ မှုခံယူပြီး ကျန်းမာရေးကောင်းမွန် လာပြီဖြစ်သော မကွေးမြို့နယ် ကြာကန်ရွာမှ မအေးသီခိုင်က ပြောသည်။



**မကွေးဝင်းမောင်**

# မိုးညိုမြို့နယ်တွင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**မိုးညို နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ သမိုင်းဝင် ဗုဒ္ဓမြတ်စွယ်တော် (၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြို့တွင်းလှည့်လည်ပူဇော်ခံပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ရွှေပြည်သာရပ်ကွက် ဗုဒ္ဓမြတ်စွယ်တော်ကျွန်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား စွယ်တော်တိုက်မှ လက်ဆင့်ကမ်းပင့်ဆောင်လာကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက ဗုဒ္ဓမြတ်စွယ်တော်အား ဝဏ္ဏကုဋီတိုက်တွင်းရှိ ကလပ်ပေါ်သို့ ပင့်ဆောင်ပေးခဲ့သည်။

မိုးညိုမြို့နယ် မြို့နယ်လုံးဆိုင်ရာ သမိုင်းဝင် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲကို နှစ်စဉ် ကျင်းပပြီး မြို့တွင်းသို့ လှည့်လည်ပူဇော်ပွဲကို သုံးနှစ်တစ်ကြိမ် ဆင်ရတနာဖြင့် လှည့်လည်အပူဇော်ခံသည်။ ယခုနှစ် လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်းလဆုတ် ၁ ရက်တွင် မြို့တွင်းသို့ လှည့်လည်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆွမ်းတော်ကြီးတင်လှူပွဲများ အစဉ်အလာမပျက်ကျင်းပ

**ဂန့်ဂေါ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်းတော်ကြီးတင်လှူပွဲများကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ဆွမ်းတော်ကြီးတင်လှူပွဲများကို တော်သလင်းလဆန်းမှ တန်ဆောင်မုန်းလကုန်အထိ ကျင်းပလေ့ရှိပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ပွဲတော်ကျင်းပသည့်ရက်မထပ်အောင် စီစဉ်ကာတစ်ကျောင်းပြီးမှတစ်ကျောင်းအလှည့်ကျကျင်းပလေ့ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ဘုန်းတော်ကြီးကျောင်းစုစုပေါင်း ၁၀၀ ကျော်ရှိပြီး အဆိုပါ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းတော်ကြီးတင်လှူပွဲများကို ဒေသခံများက နှစ်စဉ်အစဉ်အလာမပျက်စေရန် အထူးအလေးထားကျင်းပလေ့ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ ဆွမ်းတော်ကြီးတင်လှူပွဲကျင်းပတဲ့ကျောင်းကို ကျေးရွာ၊ ရပ်ကွက်တွေက အိုးစည်၊ ဒိုးပတ်တွေနဲ့ စီတန်းလှည့်လည်ပြီး လာရောက်ကြတာပါ။ အင်မတန်ပျော်ရွှင်စရာကောင်းပါတယ်။ အခုတော့ အိုးစည်၊ ဒိုးပတ်ဝိုင်းတွေမပါတော့တာ နှစ်အတန်ကြာခဲ့ပါပြီ။ အဲဒီအစဉ်အလာလေးတွေကို ပြန်လည်ဖော်ထုတ်သွားဖို့ နောင်နှစ်တွေမှာ အစီအစဉ်ရှိပါတယ်" ဟု ဂန့်ဂေါမြို့ မြို့မရပ်ကွက်နေ ဦးဝင်းမြင့်ကပြောသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်)ပြိုင်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယကဖလား ခရိုင်အလိုက် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက် က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်မှ ပြိုင်ပွဲဝင်အမျိုးသမီးအားကစားသမား (၁၂နှစ်) အောက်နှင့် (၁၂နှစ်) အထက် စုစုပေါင်း ၁၇၀ ကျော်ပါဝင်ကြပြီး တစ်ဦးချင်း၊ သုံးယောက်တွဲ အသက်(၁၂နှစ်)အောက်၊ အသက်(၁၂နှစ်) အထက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြတ်ငွေက အမှာစကားပြောကြားပြီး ခရိုင်အလိုက် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) ပြိုင်ပွဲကို ဖွင့်လှစ်သည်။ ယင်းနောက် ခရိုင်အလိုက် အားကစားသမားများက တစ်ဦးချင်း၊ သုံးယောက်တွဲ အသက် (၁၂နှစ်) အောက်၊ အသက်(၁၂နှစ်)အထက် အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**ကျိုင်းတုံ နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုဆိုင်ရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျိုင်းတုံမြို့ ပန်ကြူကျေးရွာအုပ်စု မုန်းမိုင်ရွာ အမကကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး တပ်စု(၁၈)၊ ကျိုင်းတုံမြို့မှ ရဲအုပ်အောင်ကျော်ဇင်က မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများအကြောင်း၊ လူကုန်ကူး/လူမှောင်ခိုမှုခြားနားချက်၊ လူကုန်ကူးမှုဥပဒေ၊ လုံခြုံသောရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများ၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှ လူကုန်ကူးခံရတတ်ပုံ၊ အဓမ္မစေခိုင်းမှုပပျောက်ရေးအတွက် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၂၇-က ပါပြဋ္ဌာန်းချက်များအား ဟောပြောသည်။

ဆက်လက်၍ ယာဉ်ထိန်းရဲတပ်စု(၁၆၆)မှရဲအုပ် ထိန်ရမင်းနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး တပ်စု(၂၈)မှ ရဲအုပ် မြင့်အောင်တို့မှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေးဟောပြောကြသည်။

အဆိုပါအခမ်းအနားတွင် လူကုန်ကူးမှုဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာပြည်သူပေါင်း ၁၀၅ ဦးတက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပြည်ကျော်ဈေး၊ ဘီလူးမညှောင်ပင်၊ ခြင်္သေ့ကြီးနှစ်ကောင်နှင့် မိကျောင်းတံတားနိဂုံး

ဆူးငှက်

မိကျောင်းတံတားနှင့် ဉယျာဉ်တန်းလမ်းဆုံသည် ကားများဖြင့် အမြဲပိတ်ဆို့နေတတ်သော နေရာဖြစ်၏။ အကယ်၍ လမ်း(၃၀)ကို ရွှေတချောင်းအရှေ့ဘက် သကျသီဟဘုရားမြောက်ဘက်မှ အနောက်ဘက်သို့ အဖြောင့်ဆွဲကြည့်လျှင် ဉယျာဉ်တန်းလမ်းတိုလေးသည် လမ်း(၃၀)နှင့် တစ်ဆက်တည်းဖြစ်ပေလိမ့်မည်။ အခု ဉယျာဉ်တန်းလမ်းသည် မိကျောင်းတံတားနှင့် ကျောက်ဆစ်တန်းလမ်းအကြား တစ်ပြသာလျှင် ရှိသည်။

ယင်းပြတိုလေးမှာပင် ပွဲရုံများရှိနေခြင်းကြောင့် ပွဲရုံကုန်တင်ကုန်ချကားများ၊ အနောက်ဘက်ရှိ ချမ်းသာရ ထုံးကုန်း၊ ပလိုင်းရပ်များရှိသကြားစက်များမှ သကာရည်ပိုင်းတင်ကားများ၊ ကိုးလုံးတကာအရပ်မှ မုန့်စုံ၊ ပဲဖတ်၊ နှမ်းဖတ်နှင့် စားသုံးဆီတင် ကားများသည် ဉယျာဉ်တန်းလမ်းမှတစ်ဆင့် မိကျောင်းတံတားလမ်းအတိုင်း ၂၆ ဘီလမ်းသို့၊ ၂၉ လမ်းသို့၊ လမ်း ၃၀ သို့၊ ၃၁ လမ်းသို့စသည်ဖြင့်ထွက်ကြရသည်။ တကယ်တော့ ရွှေတချောင်းအနောက်ဘက် သင်္ဂဇာချောင်းအထိ တောင်မြောက် အဓိကလမ်းမကြီးများဖြစ်သော မိကျောင်းတံတားနှင့် ကျောက်ဆစ်တန်းလမ်းမကို ဆက်သွယ်သည့် အရှေ့အနောက်လမ်းမှာ ဉယျာဉ်တန်းလမ်းသာလျှင် ကျယ်ကျယ်ဝန်းဝန်းလမ်းမအဖြစ် တစ်လမ်းတည်းရှိသည်။

ထို့ကြောင့် ဉယျာဉ်တန်းလမ်းနှင့်မိကျောင်းတံတားလမ်းဆုံရာသည် အမြဲရှုပ်ထွေးနေခြင်းဖြစ်၏။ ယင်းလမ်းဆုံ၏အနီးတွင် မိကျောင်းတံတားလမ်းပေါ်၌ ယခင်က အစိုးရအရက်ဖြူဆိုင်တစ်ဆိုင်ရှိခဲ့ဖူးပါသည်။ ဉယျာဉ်တန်းဘားဟု အများကခေါ်ခဲ့ကြသည်။ ယခင်က အရက်ဖြူကို တန်းစီ၍ခွဲတမ်းနှင့်ရောင်းချသော ခေတ်က ထိုအစိုးရအရက်ဖြူဆိုင်များကို မန္တလေးက အရပ်နာမည်နှင့်တွဲ၍ခေါ်ကြ၏။ ကျောက်သပိတ်ဘား၊ ဂေါဝိန်ဘား၊ ပိုက်ကျိုးဘား၊ ဉယျာဉ်တန်းဘား၊ ညွှန့်ပေါင်းဈေးဘား၊ မင်္ဂလာဘားစသည်ဖြင့် ဖြစ်၏။

တစ်ခါက ၇၃-လမ်းပေါ်တွင် စက်ဘီးနှင့်သွားသော ကဗျာဆရာတစ်ဦးကို သူ၏ မိတ်ဆွေတစ်ဦးက "မင်္ဂလာပါ" ဟုနှုတ်ဆက်ပြီး ဆိုင်ကယ်ဖြင့် သူ့လမ်းသူဆက် သွား၏။ ကဗျာဆရာက "မင်္ဂလာဘား" ဟုကြားပြီး မင်္ဂလာဘားမှာ ချိန်းသည်ထင်သောကြောင့် မင်္ဂလာဈေးအနီးရှိ မင်္ဂလာဘားက တစ်နေကုန်ထိုင်စောင့်ခဲ့ရသည်ဟု ကြားဖူးသည်။ ဟုတ်ချင်မှလည်းဟုတ်မည်။ အရက်သမားဟာသတစ်ပုဒ်လည်း ဖြစ်နိုင်ပါသည်။

မိကျောင်းတံတားပေါ်ရှိ ဉယျာဉ်တန်းဘားကတော့ ထိုအချိန်က အစောကြီးမှာပင် ခွဲတမ်းအရက်က ပြတ်သွားသည်။ သို့သော်ကိစ္စမရှိ၊ ထိုအရက်များကို ပိုက်ဆံနည်းနည်းပိုပေးရုံဖြင့် အနားက ဆိုင်ကလေးတွေမှာလိုသလောက်ရနိုင်ပါသည်။ ထို့ကြောင့် မိကျောင်းတံတားပေါ်မှာ၊ ဉယျာဉ်တန်းလမ်းထဲမှာ ညသန်းခေါင်သန်းလွဲအထိ မီးခွက်မှိတ်တုတ်မှိတ်တုတ်နှင့်ဆိုင်ကလေးတွေမှာ သောက်သုံးသူတွေမပြတ်ရှိနေခဲ့ပါသည်။

အများစုကအလုပ်သမားများဖြစ်၏။ အလုပ်က အပြန်ထိုဆိုင်ကလေးများတွင် ဝင်ရောက်အပန်းဖြေကြပြီး မိုးစုပ်စုပ်ချုပ်သည့်အခါ လူမှန်းမသိအောင် မူးကာအိမ်သို့ ဒယိမ်းဒယိုင်ပြန်ကြသည်။ အိမ်အပြန်မှာ သူ့လုပ်ခမပါတော့တာ သေချာပါသည်။ ဤသို့ဖြင့် မနက်မိုးလင်းတော့ ဒီဆိုင်လေးတွေဆီ ပြန်ရောက်လာပြီး တစ်ခွက်မော့ဖြေကာ အလုပ်ခွင်ဝင်ကြပြန်၏။

ကျွန်တော်သည် ထိုကာလများဆီက စုပေါင်းဖိနပ်ချုပ် အလုပ်ရုံတစ်ရုံတွင် ဝန်ထမ်းအဖြစ် ဝင်ရောက်အမှုထမ်းဖူး၏။ ထူးခြားသည်က ထိုအလုပ်ရုံရှိအလုပ်သမားအများစုသည် ညနေတိုင်း ထိုဆိုင်ကလေးများဆီသို့ မဖြစ်မနေခြေဦးလှည့်ကြသူများဖြစ်သည်။ မနက် ၆ နာရီကျော်ကျော် အလုပ်ရုံတံခါးဖွင့်လိုက်ချိန်တွင် အနံ့ကလေးတသင်းသင်း အဆီပြန်မျက်နှာဖြင့် အလုပ်ခွင်သို့ဝင်ကြပြီး စက်ရုပ်တစ်ရုပ်ပမာ သားရေဖြတ်ခြင်း၊ ဖိနပ်အလျှင်များထပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဂေါက်ထိုးခြင်း၊ ပုံဝိုင်းခြင်း၊ သည်းကြိုးညှပ်ခြင်း၊ သည်းကြိုးခေါက်ခြင်း၊ သည်းကြိုးချုပ်ခြင်း၊ ခေါင်းတပ်ခြင်း၊ သည်းကြိုးကွင်းခြင်း၊ ကြိုးထိုးခြင်း၊ ခါးကြိတ်ခြင်းစသည့်အလုပ်များကို လုပ်ကြ၏။ မနက်စာအဖြစ် အလုပ်ရုံသက်သာဆိုင်မှ လက်ဖက်ရည်တစ်ခွက်ကို နှစ်ယောက်စပ်တူမှာကာ နံပြားတစ်ချပ်စီဖြင့်ပြီးကြ၏။ နေ့လယ်စာကို အနားမှာရောင်းချသော (ထိုအချိန်က)၁၃ ကျပ်တန် ထမင်းထုပ်၊ သို့မဟုတ် အိမ်မှထည့်ယူလာသော ထမင်းချည်းသက်သက်ကို အနားမှာရောင်းချသော အမဲအူပြုတ်နှင့်ပြီးကြသည်။ ညနေ ၅ နာရီခွဲလောက်မှာ အလုပ်လက်စသတ်ရေမိုးချိုးပြီး တစ်ယောက်နှင့်တစ်ယောက် အချိန်းအချက်လုပ်ကြတော့၏။

ခုနစ်ရက်တစ်ပတ်တွင် စနေနေ့တိုင်း အသုံးပေးသောကြောင့် စနေနေ့လို ညနေမျိုးဆိုလျှင် အိတ်ထဲမှာ ပိုက်ဆံထည့်ကာငွေရွှင်နေသည်။ ထို့အတူ အူရွှင်နေကြသည်။ ထိုအချိန်ကပင် တစ်နေ့လျှင် ၁၀၀ ကျပ်၊ ၁၅၀ ကျပ်ဖိုးလုပ်ခရတော့ စနေတစ်ပတ် အသုံးက ငါးရာထက်မနည်း။ ထိုငါးရာသည် အိမ်အတွက် စားသောက်စရိတ်၊ အိမ်စရိတ်၊ ကလေးစရိတ်ဖြစ်ရပေမည်။ သို့သော် ထိုငါးရာလုံးအိတ်ထဲထည့်ကာ မိကျောင်း တံတားပေါ်က ဆိုင်ကလေးများဆီရောက်ကြ၏။ ထိုဆိုင်ကလေးများမှာ သောက်ကြသည်မှာ လူမှန်းမသိအောင်ထိဖြစ်ကြသောအခါ ပါလာသည့် ပိုက်ဆံများကလည်း ဘယ်မှာဘယ်လောက်ကုန်ပြီး ဘယ်မှာဘယ်လောက်ကျကျန်ရစ်ခဲ့ကြလေသည်မသိ။

မနက်လင်းတော့ ဘယ်သူတွေ ဘယ်လိုမှောက်ပြီး ဘယ်သူတွေ ဘယ်လောက်ပျောက်ခဲ့သည်ဆိုတာ အပတ်တိုင်းကြားနေရသည်။ သူတို့ဘဝမှာဘာမျှမရှိ။ အလုပ်နှင့်အရက်ပဲရှိသည်။ ထိုပုံစံခွက်က အသစ်ရောက်ပညာသင်လေးများအထိသည်အတိုင်း. . . ။

အစကတော့သူတို့ကိုအပြစ်တင်မိ၏။ စိတ်ပျက်မိ၏။ အိမ်မှဇနီးမယားတွေက သူတို့လုပ်စာမမျှော်လင့်နိုင်တော့၊ ရရာအလုပ်နှင့် မိသားစုတာဝန်ယူကြရသည်။ ဇနီးမယားနှင့် မလုံလောက်တော့ ကလေးတွေလည်း ကျောင်းမနေနိုင်ဘဲ ရရာအလုပ်ဝင်ကြရသည်။ သူတို့တာဝန်ဘာမျှမရှိ။

နောက်တော့သူတို့ကို စာနာလာမိသည်။ မနက်မိုးလင်းမှ မိုးစုပ်စုပ်ချုပ်အထိ ပုပ်အဲ့အဲ့သားရေပုံ၊ စိမ်းရွှေရွှေရော်ဘာကရစ်ပုံကြားမှာ တကုပ်ကုပ်အလုပ်လုပ်ကြရသည်။ ဘာဖျော်ဖြေမှုမျှမရှိ။ ဘာထွက်ပေါက်မျှမရှိ၊ သည်တော့အလွယ်ဆုံး၊ အနီးဆုံးဖြစ်သော မိကျောင်းတံတားက ဆိုင်ကလေးတွေဆီ ရောက်ကုန်ကြတာဖြစ်မှာပေ့ါ။

ထို့ကြောင့်အလုပ်ချိန်ကို တစ်နေ့ရှစ်နာရီ သတ်မှတ်ကာ မနက် ၉ နာရီအလုပ်ဆင်း၊ ၁၂ နာရီ ထမင်းစားနား၊ မွန်းလွဲ ၁ နာရီ အလုပ်ပြန်ဝင်၊ ညနေ ၅ နာရီ အလုပ်သိမ်းပြီး စနေ၊ တနင်္ဂနွေနှစ်ရက်ပိတ်လျှင် မိသားစုနှင့်ပိုမိုထိတွေ့ကာ မိသားစုဘဝလေး စိုပြည်မည်ဟု ဖတ်မှတ်ထားသည့် စာကြီးပေကြီးများအတိုင်း အလုပ်ချိန်များပြင်ဆင်သတ်မှတ်ဖို့ အလုပ်သမားထုအစည်းအဝေးမှာတင်ပြမိသည်။ ထိုအခါအလုပ်သမားအားလုံးက ကြောက်လန့်တကြားနှင့် ဒီလောက်အလုပ်ချိန်တောင် မလောက်မဖြစ်နေပြီး စနေနေ့အလုပ်ဆင်းပါမှ စရိတ်စကအဆင်ပြေမှာမို့ ကျွန်တော့်အစီအစဉ်ကို ဝိုင်းဝန်းကန့်ကွက်ကြ၏။ ဩော်-ပုတ်ပြတ်အလုပ်သမားများဆိုတော့ ဟုတ်ပေမှာပေ့ါ။ တကယ်တော့ သတ်မှတ်ခွင့်ပြုထားသောတစ်နေ့အလုပ်ချိန် ၈ နာရီမှာ သူတို့အတွက် လောက်ငှဖူလုံသောလုပ်ခပေးနိုင်ဖို့ကို ကျွန်တော်တို့သည် မသိဟန်ဆောင်ခဲ့ကြသည် မဟုတ်ပါလား။

အခုတော့ မလောက်မငှလို့ အလုပ်ပိုလုပ်၊ အလုပ်မှာပိုနစ်၊ မိကျောင်းတံတားဆိုင်လေးတွေဆီရောက်၊ ဒီဆိုင်လေးတွေမှာ ကုန်ခဲ့ပြန်တော့ အလုပ်ပိုလုပ်၊ ဤသို့ဖြင့် ဂျာအေးသူ့အမေရိုက်တော့သည်။ နောက်ဆုံးရလဒ်ကတော့ ထိုအလုပ်သမားတွေ အရွယ်ငယ်ငယ်နှင့် အရက်သမားလုံးလုံးဖြစ်ကုန်ကြခြင်းဖြစ်၏။

ကျွန်တော်သည် တက္ကသိုလ်တစ်ခုမှလည်း ဘွဲ့တစ်ခုရလာ။ စာအုပ်အတော်အသင့်ကိုလည်း ဖတ်မှတ်ဖူးသော်လည်း ဘာမဟုတ်သည့်အလုပ်ရုံလေးမှ အလုပ်သမားလေးငါးဆယ်၏ ပြဿနာကို အဘယ်ကြောင့် မဖြေရှင်းနိုင်ခဲ့ပါသနည်း။ ဖတ်လိုက်တော့ထူထူထဲထဲ၊ ပြောလိုက်တော့ ကြီးကြီးကျယ်ကျယ်၊ သို့သော် အားမလျှော့၊ သူတို့ကို လူနေမှုအဆင့်အတန်းမြင့်စေချင်သည်။ ဒေသန္တရဗဟုသုတရစေချင်သည်။ ဟုတ်တော့လည်းဟုတ်၏။ တစ်ခါတစ်ရံ ပြည်ထောင်စုနေ့လို လူထုချီတက်ပွဲများရှိ၍ ရဲသိပ်ပွဲကွင်းသို့ ချီတက်ကြလျှင် ၂၆- လမ်းတစ်လျှောက် ရွှေတချောင်းမှ ရဲသိပ်ပွဲကွင်းထိ သူတို့အတွက် အထူးအဆန်းချည်းဖြစ်နေတော့သည်။ ကုန်တိုက်၊ မီးပွိုင့်၊ မာကျူရီမီးလုံးကြီး၊ ဘဏ်တိုက်၊ မေတ္တာပေါင်းကူးတံတား၊ မန္တလေးဟိုတယ်၊ အရှီးတောင်းတိုက်စသည်။

ထိုသို့သော လူ့နောက်ကျမှုများကို ဆင်ခြင်မိသောအခါ ကျွန်တော်နှင့်အပေါင်းပါ မဟာပညာရှိ လူကြီးမင်းများသည် အလုပ်သမားဘဝတိုးတက်မြှင့်တင်ရေး စီမံချက်ကြီးရေးဆွဲကြသည်။ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး. . . . ။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***



# မြစ်ကမ်းပါးပြိုကျမှုကို သဘာဝအလျောက်ကာကွယ်ပေးနေသည့် သစ်ပင်ကြီးများအား ထိန်းသိမ်းသင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာများမှ နှစ်ပေါင်း ၈၀ကျော်ခန့်သက်တမ်းရှိ သစ်ပင်ကြီးများသည် မြစ်ကမ်းပါးပြိုကျမှုကို သဘာဝအလျောက် ကာကွယ်ပေးနေသော သစ်ပင်ကြီးများဖြစ်ရာ ယခု နွေရာသီ မြစ်ရေကျဆင်းနေချိန်တွင် သစ်ပင်ကြီးများကို ခုတ်ယူခြင်းများမပြုဘဲ ထိန်းသိမ်းသင့်ကြောင်း သိရသည်။

ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် ရှေးဘိုးဘေးများထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ကုက္ကိုပင်ကြီးများကို ယခင်က အများအပြားတွေ့ခဲ့ရသော်လည်း ယခုမျက်မှောက်ကာလတွင် မြစ်ကမ်းရှိသစ်ပင်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်မှု အလွန်နည်းပါးလာသဖြင့် မြစ်ကမ်းဘေးရှိ ကုက္ကိုပင်အတော်များများမှာ ကျေးရွာမြစ်ကမ်းပါးနေရာများမှ ပျောက်ဆုံးသွားသည်ကို တွေ့မြင်နေရသည်။

ဧရာဝတီမြစ်သည် တစ်နှစ်ထက်တစ်နှစ် လမ်းကြောင်းများပြောင်းလဲစီးဆင်းကာ မြစ်ကမ်းပါးများကို တိုက်စားလျက်ရှိရာ မြစ်ကမ်းပါးမှ သစ်ပင်ကြီးများသည် ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမည့်ဒဏ်ကို သဘာဝအလျောက် ထိန်းထားပေးလျက်ရှိသည်။ မြစ်ကမ်းပါးများတွင် သစ်ပင်ကြီးများရှိခြင်းက မြစ်ကမ်းပါးပြိုကျနိုင်မှုကို ထိန်းပေးထားသည့်အပြင် ဒေသခံများပြည်သူများ၊ မြစ်အတွင်း အလုပ်လုပ်သော တံငါလုပ်သားများအတွက်လည်း ခိုနားရန် အရိပ်ဖြစ်သလို ဇီဝမျိုးစိတ် ငှက်မျိုးစုံအတွက် မှီခိုရာလည်း ဖြစ်သည်။

ထို့ကြောင့် မြစ်ရေကျချိန်ကာလများတွင် ဧရာဝတီမြစ်ကမ်းပါးအနီးရှိ ကျေးရွာများ၌နေထိုင်သော ဒေသခံပြည်သူများအနေဖြင့် မြစ်ကမ်းပါးမှ နှစ်ရှည် သစ်ပင်ကြီးများကို ခုတ်လှဲအသုံးပြုခြင်းများ မပြုလုပ်ကြရန် လိုအပ်သည်။ မြစ်ကမ်းပါးသစ်ပင်ကြီးများကို ထိခိုက်မှုရှိပါက မြစ်ကမ်းပါးပြိုကျခြင်းကို ပိုမို လျင်မြန်စွာ ဖြစ်ပေါ်စေမည်ဖြစ်သည်။

မြစ်ကမ်းပါးများရှိ နှစ်ရှည်သစ်ပင်ကြီးများကို စနစ်တကျ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်လမ်းညွှန်ဆောင်ရွက်မှသာ မြစ်ကမ်းပါးပြိုကျမှုကို အကာအကွယ်ပေးနေပြီး လူသားနှင့် တိရစ္ဆာန်များကို အကျိုးပြုနေသော သက်တမ်းရင့် ကမ်းစောင့်သစ်ပင်ကြီးများ ရေရှည်တည်တံ့မည်ဖြစ်သည်။ ကမ်းပါးပြိုကျမှု လျော့နည်းလာသည်နှင့်အမျှ ဧရာဝတီမြစ်အတွင်း သဲသောင်ထွန်းမှုကိုလည်း လျော့နည်းလာစေနိုင်မည်ဖြစ်ရာ ကမ်းပါးရှိ သက်တမ်းရင့်သစ်ပင်ကြီးများသည် မြစ်ကမ်းပါးပြိုကျမှုကို ကာကွယ်ပေးနေရုံမျှသာမက ဧရာဝတီမြစ်ကြီးကိုလည်း သွယ်ဝိုက်သောအားဖြင့်ပါ အကျိုးပြုလျက်ရှိသည်။



လူသားတို့၏ လောဘများကြောင့် သဘာဝသယံဇာတများကို လိုအပ်သည်ထက် လွန်ကျူးလှစွာ ပိုမိုထုတ်ယူသုံးစွဲကြရာမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာပြီး ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများဖြစ်လာကာ နောက်ဆက်တွဲအနေဖြင့် ရေကြီးခြင်း၊ မိုးများခြင်း၊ လျှင်လှုပ်ခြင်းစသည့် ရာသီဥတုအခြေအနေများကို ကြုံတွေ့ရလျက်ရှိရာ ရာသီဥတုဖောက်ပြန်မှုများကို ထိန်းသိမ်းရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား လုပ်ကိုင်လျက်ရှိသည်။

**မြစ်ကမ်းပါးများရှိ နှစ်ရှည်သစ်ပင်ကြီးများအား စနစ်တကျ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်လမ်းညွှန်ဆောင်ရွက်မှသာ မြစ်ကမ်းပါးပြိုကျမှုကို အကာအကွယ် ပေးနေပြီး လူသားနှင့် တိရစ္ဆာန်များကို အကျိုးပြုနေသော သက်တမ်းရင့် ကမ်းစောင့်သစ်ပင်ကြီးများ ရေရှည်တည်တံ့မည်ဖြစ်သည်။ ကမ်းပါးပြိုကျမှု လျော့နည်းလာသည်နှင့်အမျှ ဧရာဝတီမြစ်အတွင်း သဲသောင်ထွန်းမှုကိုလည်း လျော့နည်းလာစေနိုင်မည်ဖြစ်ရာ . . .**

မြန်မာနိုင်ငံတွင်လည်း သဘာဝအခြေအနေများကြောင့် လည်းကောင်း၊ လူသားတို့ကြောင့်လည်းကောင်း သစ်တောသစ်ပင်များ ပြုန်းတီးလာလျက်ရှိရာ ယခုအခါတွင် သစ်ပင်သစ်တောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းများကို ဆောင်ရွက်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံး၏ အသက်သွေးကြောသဖွယ်ဖြစ်ကာ လူတို့၏ နေထိုင်မှုနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုပါ ထောက်ပံ့ပေးနေသော ဧရာဝတီမြစ်ကြီးကိုလည်း မြစ်ကမ်းပါးပြိုကျခြင်း၊ သောင်ထွန်းခြင်းများ လျော့နည်းစေရေးအတွက် မြစ်ကမ်းပါးတစ်လျှောက်မှ သက်တမ်းရင့်သစ်ပင်ကြီးများကို ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်လျက်ရှိနေပါသည်။ ။

**သတင်းဆောင်းပါး–ငွေအိုး(ကသာ)**

## အသည်းရောင်အသားဝါပိုးရှိမရှိ အခမဲ့စစ်ဆေးပေး

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ်ရှိ ရှင်စောပုမွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မော်လမြိုင်မြို့ မွန်ဓမ္မာရုံ၌ ဒေသခံပြည်သူများအား အသည်းရောင်အသားဝါဘီပိုးရှိမရှိ သွေးဖောက်စစ်ဆေးခြင်းနှင့် ရောဂါပိုးမရှိသူများအား ကာကွယ်ဆေးအခမဲ့ထိုးပေးခြင်းများကို နိုဝင်ဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဂါပိုးရှိမရှိ သွေးဖောက်စစ်ဆေးရာတွင် ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဝင်များအပါအဝင် ဒေသခံပြည်သူ ၃၅၇ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပြီး ရောဂါမရှိသူများအား ကာကွယ်ဆေးများ ထိုးနှံပေးအပြီးတွင် မြန်မာအသည်းဖောင်ဒေးရှင်း ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်ဖြိုးကြည်က မြန်မာအသည်းဖောင်ဒေးရှင်းမှ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းနှင့် အသည်းရောင်အသားဝါဘီရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ဘီပိုးစစ်ဆေးပေးခြင်းနှင့် ဘီပိုးကာကွယ်ဆေး ဒါနပြုပွဲသို့ ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်မိကျင်သန်းနှင့် အမှုဆောင်အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

**ခင်မောင်ဝေ(ပေါင်)**



## လာမည့်နွေစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးဧကငါးသိန်းကျော် စိုက်ပျိုးရန်လျာထား

**မုံရွာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဆန်ဖူလုံစွာစားသုံးနိုင်ရန်နှင့် ပိုလျှံသောစပါးများကို တင်ပို့ရောင်းချနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် နွေစပါးဧကငါးသိန်းကျော် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။



၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ရာသီတွင် စစ်ကိုင်းခရိုင်အတွင်း ၁၃၀၀၀ ဧက၊ မုံရွာခရိုင် အတွင်း ၁၄၀၅၀ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၈၄၅၀ ဧက၊ ရွှေဘိုခရိုင်အတွင်း ၄၀၇၂၀၀ ဧက၊ ကသာခရိုင်အတွင်း ၂၂၈၀၀ ဧက၊ ကလေးခရိုင်အတွင်း ၁၄၃၀၀ ဧက၊ မော်လိုက်ခရိုင်အတွင်း ၁၇၇၀၀ ဧက၊ တမူးခရိုင်အတွင်း ၂၇၀၀ ဧကနှင့် ခန္တီးခရိုင်အတွင်း ၁၀၃၀၀ ဧက စုစုပေါင်း ၅၁၀၅၀၀ ဧကကို စိုက်ပျိုးနိုင်ရန် လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်တဲ့ စိုက်ပျိုးရေး နည်းပညာတွေ၊ စိုက်ပျိုးစရိတ်ချေးငွေတွေ အချိန်မီရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ပြီးခဲ့တဲ့မိုးရာသီမှာ မိုးရွာသွန်းမှုများပြီး မိုးစပါးမစိုက်ပျိုးနိုင်တဲ့လယ်တွေကတော့ နွေစပါးကို အချိန်မီစိုက်ပျိုးနိုင်မှာပါ။ မိုးစပါး နောက်ကျစိုက်တဲ့ လယ်တွေကတော့ နွေစပါးစိုက်ပျိုးမှု နောက်ကျနိုင်တယ်၊ အဲဒီလယ်တွေအတွက် သက်တမ်းတိုတိုနဲ့စိုက်ပျိုးနိုင်မယ့် စပါးမျိုးတွေကို အသုံးပြုနိုင်ဖို့ စီစဉ်နေပါတယ်"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသူများဖြစ်သည်။ သို့ဖြစ်ရာ နေ့စဉ် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာဖူလုံရေးသည် အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်၍ ဧကငါးသိန်းကျော်အထိ စိုက်ပျိုးနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးစိုက်ရာသီတွင် နွေစပါးစိုက်ပျိုးမှုမှာ ၁၇၅၄၉၂ ဧကသာရှိခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မိုးစပါးပုလဲသွယ် စပ်မျိုးစပါးစံကွက်ရိတ်သိမ်း

**သဲကုန်း နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲအုပ်စု ရင်းတိုက်မော်ကျေးရွာ ကွင်းအမှတ် ၇၇၃ တောင်သူ ဦးကြည်သောင်း၏ မိုးစပါးပုလဲသွယ်စပ်မျိုစပါး ငါးဧကကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းခဲ့သည်။

စံကွက်ရိတ်သိမ်းမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်မှ ပုလဲသွယ်စပ်မျိုးစပါးတစ်ဧကလျှင် ၁၇၇ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## သတင်းတိုများ

### အကျဉ်းထောင်နှင့် ရဲဘက်စခန်းများအား ပြည်နယ်တရားလွှတ်တော်တရားသူကြီး ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် နောင်ချိုမြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့များမှ ရဲစခန်း အချုပ်ခန်းများနှင့် အကျဉ်းထောင်များတွင် အကျဉ်းသားများအား ဥပဒေနှင့်မညီသော မတရားဆောင်ရွက်မှုများ ရှိမရှိ၊ သောက်သုံးရေပေးထားသည့် အခြေအနေ၊ အစားအစာများ အာဟာရသင့်တင့်မျှတမှု ရှိမရှိ၊ မကျန်းမာပါက ဆေးကုသခွင့်ရှိမရှိ၊ အမျိုးသမီးအကျဉ်းသူ၊ အချုပ်သူများအား အကာအရံလုံခြုံစွာထားခြင်းရှိမရှိ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများအား ညှဉ်းပန်းနှိပ်စက်မှုရှိမရှိ၊ အကျဉ်းသားများ၏ ဥပဒေအရ ရရှိသင့်သော အယူခံနှင့် ပြင်ဆင်ခွင့်စသည့် အခွင့်အရေးများ ရရှိနေမှု ရှိမရှိတို့ကို ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်ဌေးသည် သက်ဆိုင်ရာ ခရိုင်တရားသူကြီးများနှင့်အတူ နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### မြိုင်မြို့ပေါ်ပခုက္ကူလမ်းမတစ်လျှောက် လမ်းမီးများတပ်ဆင်

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတို့ ပူးပေါင်း၍ မြိုင်မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ပခုက္ကူလမ်းမတစ်လျှောက် လမ်းမီးတိုင်များတွင် မီးပွင့်မီးချောင်း ၄၀ ကို နိုဝင်ဘာ ၂၂ ရက်က လိုက်လံတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ လမ်းမီးများတပ်ဆင်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

## သာစည်မြို့နယ်တွင် မိုးစပါးအစား ဆောင်းသီးနှံကုလားပဲကို တောင်သူများ အားထားစိုက်ပျိုး

**သာစည် နိုဝင်ဘာ ၂၄**

၂၀၁၅ခုနှစ် ဆောင်းရာသီတွင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တွင် ကျေးလက်တောင်သူဦးကြီးများက မိုးစပါးအစား ဆောင်းသီးနှံကုလားပဲများ အားထားစိုက်ပျိုးနေကြသည်ကို တွေ့ရသည်။

"ဒီနှစ်မှာမိုးရွာသွန်းမှု နည်းပါးခဲ့လို့ မိုးစပါးမစိုက်ခဲ့ကြရပါဘူး၊ ရွာတဲ့မိုးကလည်း တောင်သူတွေအားရလောက်တဲ့ ရေမပါဘူး၊ ဒီတော့ ကျွန်တော်တို့တောင်သူတွေကရတဲ့ မိုးရေတွေကိုကုလားပဲ စိုက်မယ့်အကွက်တွေမှာ ကန်သင်းရိုး ပိတ်လှောင်ပြီး အောက်ခံအစိုဓာတ်ရရှိအောင် ပြုလုပ်ထားရတယ်။ တစ်ဧကကို ထွန်သုံးရှဉ်း ဝင်ရတယ်၊ ထွန်တစ်ရှဉ်းကို ငွေကျပ် ၄၀၀၀ ပေးရတယ်၊ ကုလားပဲမျိုးဈေးကတစ်တင်းကို ဒီနှစ်မှာ ငွေကျပ် ၄၅၀၀၀ ပေးဝယ်ရတယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ဆောင်းသီးနှံ တစ်ဧကကို ငွေကျပ် ၂၀၀၀၀ကျပ်ပဲပေးတော့ အမှန်ကုန်ကျစရိတ်နဲ့ မကိုက်ဘူး။ နောင်လာမယ့်နှစ်မှာ အခုနှုန်းထားထက် ပိုမိုပြီးပေးစေချင်ပါတယ်" ဟု မရွှေးကျေးရွာမှ တောင်သူ ဦးညွန့်ဝေက ပြောသည်။

သာစည်မြို့နယ်တွင်ကုလားပဲကို ငွေကြေး မတတ်နိုင်သူ တောင်သူအချို့က လုပ်အားခသက်သာရန်အတွက် ကြပက်စနစ်ကိုကျင့်သုံးစိုက်ပျိုးကြပြီး ငွေကြေးတတ်နိုင်သူတောင်သူများက တန်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။ ယခုနှစ်တွင် ဆောင်းသီးနှံကုလားပဲကို သာစည်မြို့နယ်၌ ဧက ၁၀၀၀ ခန့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ကို (သာစည်)**



## မီးဘေးနှင့် သဘာဝဘေးကာကွယ်ရေး ပညာပေးဟောပြော

**ဖာပွန် နိုဝင်ဘာ ၂၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်၌ မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပြီး လူတစ်ဦးချင်းစီ၏ ပေါ့ဆမှုများကြောင့် မီးလောင်မှုများ မကြာခဏဖြစ်ပွားနေကြောင်း၊ မီးလောင်မှုများ မဖြစ်ပွားစေရန်အတွက် သတိတရား၊ အသိတရားလက်ကိုင်ထားပြီး ဝိုင်းဝန်းကာကွယ်ရန် လိုကြောင်း၊ အခြားသော ဘေးအန္တရာယ်များထက် မီးဘေးသည် ပိုမိုအရေးကြီးသဖြင့် မီးဘေးကာကွယ်ရေးကို လူတိုင်းသိရှိနားလည်ထားရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ရဲမင်းက မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များအကြောင်းကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ဖာပွန်ခရိုင်တွင် ခရိုင်မီးသတ်ဦးစီးမှူးရုံး၊ ခရိုင်မီးသတ်စခန်း၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၊ မြို့နယ်မီးသတ်စခန်းများအပြင် ကတိုင်တိနယ်မြေမီးသတ်စခန်း၊ ကျောက်တောင်နယ်မြေ မီးသတ်စခန်းများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ ကမမောင်းမီးသတ်စခန်းတွင် စခန်းအဆောက်အအုံဆောက်လုပ်ပြီးစီးကာ မီးသတ်ယာဉ်နှစ်စီးနှင့် တပ်ဖွဲ့ဝင်များချထားပေးပြီးဖြစ်ကြောင်း၊ ထပ်မံတိုးချဲ့မည့် မီးသတ်စခန်းများအတွက် မြေနေရာပိုင်ဆိုင်မှုရရှိရန်လိုအပ်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် အရေးပေါ်မီးငြိမ်းသတ်နည်းများ၊ D.C.P မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြခဲ့ပြီး မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်စွမ်းရည်များကိုလည်း ပြသခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## ဂန့်ဂေါလုံချည်များ ရောင်းအားကောင်းသဖြင့် အမရပူရမှ ရက်သောလုံချည်များကို ပြန်လည်တင်သွင်း

**ဂန့်ဂေါ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ရှိ အဝတ်အထည် အရောင်းဆိုင်များတွင် အင်္ဂလိပ်အက္ခရာဖြင့် ဂန့်ဂေါစပါယ်ရှယ်ဟု စာတန်းထိုးထားသည့် အမျိုးသား၊ အမျိုးသမီးဝတ်လုံချည်များ အရောင်းသွက်လာသဖြင့် အဝတ်အထည် အရောင်းဆိုင်အချို့က အမရပူရမြို့ရှိ စက်ရက်ကန်းများအား ဂန့်ဂေါစပါယ်ရှယ် စာတန်းထိုးလုံချည်များ ရက်လုပ်စေပြီး ဂန့်ဂေါမြို့သို့ ပြန်လည်တင်သွင်းရောင်းချသည်များရှိလာကြောင်း သိရသည်။

"လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့ ဂန့်ဂေါမြို့မှာ ခရီးသည်အဝင်အထွက်များလာပြီး ဧည့်သည်တွေက အိမ်ပြန်လက်ဆောင်အဖြစ် ဂန့်ဂေါစပါယ်ရှယ်စာတန်းထိုး လုံချည်တွေဝယ်ကြတယ်။ ယခုတလော ဂန့်ဂေါမြို့နယ်က ရိုးရာလက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူတွေလည်း အလုပ်ဖြစ်နေကြပါတယ်။ ဂန့်ဂေါစပါယ်ရှယ်စာတန်းထိုး လုံချည်တွေ အရောင်းသွက်လာတော့ ဂန့်ဂေါမြို့နယ်က ထုတ်လုပ်တဲ့ လက်ရက်ကန်းထည်တွေသာမက အမရပူရမြို့ရှိ စက်ရက်ကန်းတွေမှာ ဂန့်ဂေါစပါယ်ရှယ်စာတန်းထိုး လုံချည်တွေ ရက်လုပ်စေပြီး ဂန့်ဂေါမြို့မှာ ပြန်လည်တင်သွင်းရောင်းချတဲ့ အထည်ကုန်သည်အချို့ရှိလာပါတယ်"ဟု ဂန့်ဂေါမြို့တောင်ကုန်းရပ်ကွက်နေ ရိုးရာလက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ အမျိုးသားတစ်ဦးက ပြောကြားသည်။

"ဂန့်ဂေါမြို့နယ်မှာရှိတဲ့ လက်ရက်ကန်းတွေက ထုတ်လုပ်တဲ့ အထည်တွေနဲ့ မလုံလောက်လို့ အမရပူရက စက်ရက်ကန်းရုံတွေဆီကို ဂန့်ဂေါစပါယ်ရှယ်စာတန်းထိုးလုံချည်တွေ ရက်လုပ်စေပြီး တင်သွင်းရောင်းချရပါတယ်။ အမရပူရက စက်ရက်ကန်းတွေက ဂန့်ဂေါစပါယ်ရှယ်စာတန်းထိုး လုံချည်တွေကို ဈေးနှုန်းချိုသာစွာနဲ့လည်း ရက်လုပ်ပေးနိုင်ကြပါတယ်။ ရောင်းတဲ့အခါ ဂန့်ဂေါပေါက်ဈေးနဲ့ ရောင်းရပါတယ်"ဟု ဂန့်ဂေါမြို့ရှိ အထည်ဆိုင်တစ်ခုမှ အမျိုးသမီးက ပြောသည်။

ယောလုံချည်ဟု အမည်တွင်သည့် အင်္ဂလိပ်အက္ခရာဖြင့် ဂန့်ဂေါစပါယ်ရှယ်ဟု စာတန်းထိုးထားသော လုံချည်များကို ၁၉၂၀ ခုနှစ်မှ စတင်၍ ဂန့်ဂေါမြို့ရှိ လက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများမှ ထုတ်လုပ်ဖြန့်ဖြူးခဲ့ကြကြောင်း၊ ယောလုံချည်လုပ်ငန်းမှာ တည်ငြိမ်မှု မရှိပဲ လင်းတစ်ခါ၊ မှိန်တစ်လှည့်ဖြစ်လေ့ရှိကြောင်း၊ မကြာသေးမီနှစ်များအတွင်းကမှ ယောလုံချည်လုပ်ငန်းများ ပြန်လည်တွင်ကျယ်လာပြီး ယခုအခါ ဂန့်ဂေါမြို့နယ်တွင် လက်ရက်ကန်းများ တိုးချဲ့ဆောင်ရွက်လာသကဲ့သို့ ဂန့်ဂေါစပါယ်ရှယ် စာတန်းထိုးလုံချည်များ ထုတ်လုပ်ရန် စက်ရက်ကန်းများလည်း တည်ထောင်လုပ်ကိုင်လာကြကြောင်း၊ ဂန့်ဂေါမြို့နယ်ရှိ လက်ရက်ကန်းများက ဂန့်ဂေါစပါယ်ရှယ်စာတန်းထိုး လုံချည်များသာမက ချင်းလူမျိုးအဆင် အဝတ်အထည်များကိုလည်း ထုတ်လုပ်ကြကြောင်း ဂန့်ဂေါမြို့နယ်ရှိ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## စပါးပေါ်ချိန်စောသည့် တောင်သူအချို့၏စပါးများ ဈေးကောင်းရရှိနေ

**တပ်ကုန်း နိုဝင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ စိုက်ပျိုးထားသော စပါးများအနက် ယခု ရက်ပိုင်းအတွင်း တောင်သူအချို့၏ စပါးများမှာ စတင်ပေါ်လာပြီဖြစ်ကာ ပေါ်ချိန်စောသောကြောင့် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် သတ်မှတ်လျာထားသော မိုးစပါးများကို ဆင်သေ၊ မုန့်၊ ကင်းသာ၊ ပွဲစား၊ ညောင်ကိုင်း၊ ပိတောက်ကုန်းစသည့် အစိုးရဆည်၊ ကန်များနှင့် ပုဂ္ဂလိကဆည်များ၊ မိုးကောင်းသောက်ရေများဖြင့် စိုက်ပျိုးခဲ့ရာ လျာထားချက်ကျော်လွန်သည်အထိ စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါး ၄၆၄၄၅ ဧကရှိခဲ့ကြောင်း၊ ယခု မိုးစပါးရိတ်သိမ်းချိန်တွင် စပါးပေါ်ချိန်စောသော တောင်သူအချို့၏ စပါးများမှာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဒီနှစ် မိုးရွာသွန်းမှုလျော့နည်းလို့ မိုးကောင်းသောက်လယ်တွေမှာ ချောင်းရေ၊ မြေအောက်ရေတွေကို အဓိကအားကိုးပြီး စိုက်ပျိုးခဲ့ပါတယ်၊ ကျွန်တော့်လယ်တွေက နဝင်းချောင်းဘေးမှာရှိပါတယ်၊ နဝင်းချောင်းရေကို ရေစုပ်စက်နဲ့စုပ်ပြီး ငါးရက်တစ်ခါလောက် ရေတင်ပေးရပါတယ်၊ စက်ဆီနေ့ညလေးဂါလန်လောက်ကုန်ပေမယ့် မိုးစပါးစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကကို တင်း ၉၀ လောက် ခန့်မှန်းလို့ရပါတယ်၊ အခုရိတ်သိမ်းခြွေလှေ့ပြီး ဒီရက်ပိုင်းအတွင်း စပါးတစ်တင်း ကျပ် ၇၀၀၀ နှုန်း ရောင်းချနေရပါတယ်" ဟု မြဝတီရပ်ကွက်၌ သုခနှင့် ပုလဲသွယ်စပါးမျိုး ငါးဧကစိုက်ပျိုးထားသည့် တောင်သူဦးမြအောင်က ပြောသည်။ တပ်ကုန်းမြို့နယ်တွင် ဇူလိုင်နှင့် ဩဂုတ်လများအတွင်းက မိုးရွာသွန်းမှု ပုံမှန်ထက်လျော့နည်းခဲ့၍ မိုးကောင်းသောက်လယ်များ စိုက်ပျိုးထားသည့် တောင်သူများမှာ အခက်အခဲ အနည်းငယ်ကြုံတွေ့ခဲ့ရပြီး ချောင်းရေ၊ မြေအောက်ရေများဖြင့် ရေတင်၍ စိုက်ပျိုးခဲ့ရကြောင်းသိရသည်။

**တင်စိုးလွင်**



# ယူရိုပါလိဂ်မှာ လီဗာပူး၊ စပါးတို့ နိုင်ပွဲရနိုင်ပါ့မလား

မိုးမြင့်လင်းလက်

***ဒီတစ်ပတ်ရဲ့ကြားရက်တွေမှာတော့ ပွဲကောင်းတွေနဲ့အတူ ပရိသတ်တွေ ရင်ခုန်ပျော်ရွှင်စွာဖြတ်သန်းကြရဦးမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲတွေအပြီး ယူရိုပါလိဂ်ပွဲစဉ်တွေက တန်းစီပြီးအသင့်ရှိနေကြပြန်ပါတယ်။ ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာမို့ လီဗာပူး၊ စပါး၊ အေဂျက်၊ မိုနာကိုတို့ရဲ့ကြိုးစားမှုနဲ့ ဂိုးသွင်းအားတွေကို စောင့်မျှော်ကြည့်ရှုရမှာဖြစ်ပြီး အမှတ်ပြည့်ကို ဘယ်အသင်းတွေ ပွေ့ပိုက်အောင်ပွဲခံသွားမလဲဆိုတာ စောင့်ကြည့်အကဲခတ်ကြရဦးမှာ ဖြစ်ပါတယ်။***

### လီဗာပူးနှင့် ဘော်ဒိုး

အုပ်စု(B)မှာ လီဗာပူးတို့ လေးပွဲကစား ခြောက်မှတ်ရရှိနေပြီး အုပ်စု ဒုတိယနေရာ ရပ်တည်နေပါတယ်။ ဘော်ဒိုးတို့ကတော့ သုံးမှတ်ရရှိထားကာ တတိယနေရာမှာ ရှိနေတာမို့ ဒီပွဲက ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ ပထမအကျော့ ဘော်ဒိုးကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲကတော့ အိမ်ရှင်တို့အလှည့်ပါပဲ။ လီဗာပူးဟာ ပရီမီယာလိဂ်မှာ ရလဒ်မတည်ငြိမ်ပေမယ့် ယူရိုပါလိဂ်ပွဲတွေမှာ ခြေစွမ်းပြနိုင်နေတဲ့အပြင် ခံစစ်ကိုလည်းပြင်ဆင်ထားတာမို့ အခုပွဲက လီဗာပူးပရိသတ်တွေနဲ့အတူ အောင်ပွဲခံလိုက်တာ အကောင်းဆုံးပါပဲ။

### ဆဲလ်တစ်နှင့် အိုင်းယက်

ဒီနှစ်သင်းရဲ့ ပထမအကျော့တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ဒီပွဲကတော့ ရလဒ်ပြတ်သားဖို့ အပြိုင်အားထုတ်ကြပါလိမ့်မယ်။ ဆဲလ်တစ်တို့က အုပ်စု(A)မှာ လေးပွဲကစား၊နှစ်မှတ်ရရှိနေပြီးအိုင်းယက်တို့က သုံးမှတ်ရရှိထားပါတယ်။ ဆဲလ်တစ်တို့က အိမ်ကွင်းဖြစ်ပေမယ့် ခံစစ်ပိုင်းက စိတ်ပျက်စရာကောင်းနေတာမို့ အိုင်းယက်တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုကို ကြည့်ရမှာပါ။ ဒါပေမယ့် အိုင်းယက်တိုက်စစ်မှူးတွေကလည်း ဂိုးပေါက်ရှာမတွေ့ကြတာမို့အခုပွဲမှာခံစစ်ပြုပြင်ရင်တော့အိမ်ရှင်တို့ပျော်ရမယ့်ပွဲဖြစ်ပါတယ်။

### ကာရာဘတ်နှင့် စပါး

အုပ်စု(J)မှာ စပါးတို့ လေးပွဲကစား ခုနစ်မှတ်နဲ့ ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ ကာရာဘတ်တို့ကလည်း လေးမှတ်ရရှိနေပြီး တတိယနေရာမှာရှိနေတာမို့ အခု ပွဲမှာ ခြေကုန်ထုတ်ဖို့ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ရလဒ်ကိုကြည့်ရင် စပါးတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ အဇာဘိုင်ဂျန်ကလပ် ကာရာဘတ်တို့က ခြေစွမ်းပြနေတာမို့ ဒီပွဲဟာ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

### မိုလ်ဒီနှင့် ဖီနာဘာချီ

ပထမအကျော့ပွဲစဉ်မှာ မိုလ်ဒီတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ နော်ဝေကလပ် မိုလ်ဒီတို့က ပုံမှန်ခြေစွမ်းရနေပြီး အုပ်စု(A)မှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းဖြစ်ပါတယ်။ ဖီနာဘာချီတို့က လောလောဆယ်မှာ ငါးမှတ်ရရှိနေပြီး မိုလ်ဒီကို ဖိအားပေးဖို့ကြိုးစားပေမယ့် မိုလ်ဒီရဲ့ လက်ရှိစွမ်းဆောင်ရည်မြင့်မားနေမှုက အိမ်ကွင်းလည်းဖြစ်တာမို့ အမှတ်ပြည့်ယူဦးမှာဖြစ်ပါတယ်။

### ရှော်လ်ကေးနှင့် အေပိုး

အုပ်စု(K)မှာ ရှော်လ်ကေးက ရှစ်မှတ်ရနေသလို အေပိုးတို့ကတော့ သုံးမှတ်ပဲရရှိထားပါတယ်။ ရှော်လ်ကေးတို့က တိုက်စစ်အားကောင်းသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မာကျောနေတာမို့ အခုပွဲမှာ အေပိုးတို့ မလွယ်ပါဘူး။ အေပိုးရဲ့ခံစစ်ကြောင်းက ကျိုးပေါက်လွယ်တာမို့ အခုပွဲအတွက်တော့ ရှော်လ်ကေးတို့ပဲ အောင်ပွဲခံဦးမှာပါ။

### မိုနာကိုနှင့် အန်ဒါလက်ချ်

အုပ်စု(J)မှာ မိုနာကိုတို့ ခြောက်မှတ်ရနေပြီး ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အန်ဒါလက်ချ်တို့ကတော့ လေးမှတ်ရနေတာမို့ စတုတ္ထနေရာမှာရှိနေပြီး ဒီပွဲမှာ အမှတ်ပြည့်ရဖို့ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ရလဒ်က တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာ မိုနာကိုတို့ရဲ့လုပ်အားနှုန်း ဘယ်လောက်မြင့်သလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ မိုနာကိုရဲ့အိမ်ကွင်းစွမ်းဆောင်မှုက ကောင်းမွန်တာမို့ အခုပွဲမှာတော့ အန်ဒါလက်ချ်တို့ အမှတ်ပြည့်ရဖို့ မလွယ်ပါဘူး။

### ရူဘင်ကာဇန်နှင့် စီယွန်

ရုရှားကလပ် ရူဘင်ကာဇန်တို့က ပြည်တွင်းလိဂ်မှာ အဆင့် ၁၀ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဆွစ်ဇာလန်ကလပ် စီယွန်တို့ကတော့ ပုံမှန်ခြေစွမ်းပြန်ရနေပြီး အခုတလော နိုင်ပွဲ၊ သရေပွဲရလဒ်တွေထွက်အောင် ကစားနိုင်နေပါတယ်။ တိုက်စစ်ပိုင်းမှာ ရူဘင်ကာဇန်တို့ထက် ပိုကောင်းမွန်နေပြီး စီယွန်တို့က အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်ရအောင် ရှာဖွေပါလိမ့်မယ်။

### ရိုဆင်ဘော့နှင့် စိန့်အီတင်း

ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့ ဒီနှစ်သင်းဟာ အခုပွဲမှာ ရလဒ်ကောင်းဖို့ အပြိုင်အားထုတ်တော့မှာဖြစ်ပါတယ်။ စိန့်အီတင်းတို့က ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ရောက်နိုင်တာမို့ အခုပွဲဟာ ခြေကုန်ထုတ်ပါလိမ့်မယ်။ ရိုဆင်ဘော့တို့က လေးပွဲကစားပြီး တစ်မှတ်သာရရှိထားတာမို့ အခုပွဲမှာ အားထည့်မှုလျော့ပါလိမ့်မယ်။ အကြိုက်က စိန့်အီတင်းဖြစ်ပါတယ်။ ။






## ဘာတစ်စတူတာနဲ့ တူတယ်ဆိုတဲ့ ဗာဒီ

လီဆက်စတာတိုက်စစ်မှူး ဂျမီးဗာဒီဟာ ယခုနှစ်ရာသီမှာ သိသိသာသာခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ နယူးကာဆယ်နဲ့ လီဆက်စတာအသင်းတို့ ကစားတဲ့ပွဲမှာ ၁၀ ပွဲဆက်တိုက်အဖြစ် ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ တစ်ချိန်က မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းတင်ထားတဲ့စံချိန်ကို အမီလိုက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ လီဆက်စတာနည်းပြ ယာနီယေးနီက ဂျမီးဗာဒီဟာ အာဂျင်တီးနားဂန္တဝင်ကစားသမားကြီး ဂါဘရီရယ်ဘာတစ်စတူတာနဲ့တူတယ်လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။ ဘာတစ်စတူတာဟာ နည်းပြနီယေးနီဖီအိုရင်တီးနားကို ကိုင်တွယ်စဉ် ၁၁ ပွဲ ဂိုးဆက်တိုက်သွင်းယူပေးခဲ့တဲ့ကစားသမားကြီးဖြစ်ပါတယ်။ ဗာဒီဟာ ကစားသမားတိုင်းမလုပ်နိုင်တဲ့အလုပ်ကို လုပ်နေတာပါ။ အတော်လေးဂုဏ်ယူစရာကောင်းပါတယ်လို့ နည်းပြ ယာနီယေးက ဆိုပါတယ်။ လက်ရှိအချိန်မှာ ဗာဒီဟာ နစ္စတယ်ရွိုင်းရဲ့ ၁၀ ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်တဲ့စံချိန်ကို အမီလိုက်နိုင်ပြီဖြစ်ပါတယ်။ လာမယ့် ပြိုင်ပွဲမှာ ဂိုးထပ်သွင်းမယ်ဆိုရင်တော့ ပရီမီယာလိဂ်မှာ ဂိုးဆက်တိုက်သွင်းနိုင်တဲ့ စံချိန်သစ်ကို တင်နိုင်တော့မှာဖြစ်ပါတယ်။




## ကွင်းလယ်မှာကစားလိုတဲ့ ဟာဇတ်

ချယ်လ်ဆီးအသင်းအနေနဲ့ နိုင်ပွဲတွေဆက်လက်ရရှိဖို့အတွက် အီဒင်ဟာဇတ်က ကွင်းလယ်ကစားသမားအဖြစ်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ချယ်လ်ဆီးက နော့ဝှစ်ချ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲမှာ ဟာဇတ်အနေနဲ့ ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရာမှ ကစားကွက်ကို အကောင်းဆုံးဖန်တီးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ နည်းပြ မော်ရင်ဟိုအနေနဲ့ ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားခွင့်ပေးသင့်ပြီလို့လည်း အီဒင်ဟာဇတ်က ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့နှစ်က အကောင်းဆုံးဘောလုံးသမား ဟာဇတ်ဟာ ယခုနှစ်ရာသီအစမှာတော့ ချယ်လ်ဆီးမှာ ခြေစွမ်းပျောက်ခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ပရီမီယာလိဂ်ဖလား ကာကွယ်ရေးလမ်းကြောင်းပေါ်သို့ ပြန်ရောက်အောင်သွားမယ်ဆိုရင် ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးပြင်ဆင်ဖို့လိုတယ်လို့ ဟာဇတ်ကဆိုပါတယ်။ ချယ်လ်ဆီးအသင်းရှုံးပွဲများခဲ့ရခြင်းရဲ့ အဓိကအကြောင်းအရင်းတစ်ရပ်မှာလည်း တိုက်စစ်မှူးတွေအတွက် ဂိုးပေါက်ဖန်တီးပေးနိုင်မှု အားနည်းခဲ့ရလို့ဖြစ်တယ်လို့ ဆိုပါတယ်။

## နှစ်ကုန်အထိ အနားယူရတော့မယ့် အာဆင်နယ် ကွင်းလယ်လူ

အာဆင်နယ်ကွင်းလယ်ကစားသမား ဖရန့်ဆစ်ကိုကွီလင်းဟာ ဝက်စ်ဘရွန်းကို အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးနိမ့်သွားတဲ့ပွဲမှာ ဒဏ်ရာရသွားတဲ့အတွက် ဒီနှစ်ကုန်အထိ အနားယူရဖွယ်ရှိတယ်လို့ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား ဒူးခေါင်းအမာရွတ်ထိခိုက်ဒဏ်ရာရသွားခဲ့တာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ကိုကွီလင်းအနေနဲ့ လာမယ့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိအောင် ပြန်ကစားနိုင်ဖို့ မသေချာဘူးလို့ ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ကွင်းလယ်ကစားသမား ကိုကွီလင်းဒဏ်ရာရသွားတဲ့အတွက် လာမယ့်ပြိုင်ပွဲတွေမှာ ကွင်းလယ်ကစားကွက်အတွက် အခက်အခဲများနဲ့ရင်ဆိုင်ရဖွယ်ရှိပါတယ်။ နည်းပြ အာစင်ဝင်းဂါးအနေနဲ့ ကွင်းလယ်ကစားကွက်အတွက် အကောင်းဆုံးအနေအထားပြန်ရအောင် ပြင်ဆင်ရတော့မှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်မှာ အခြေအနေမကောင်းဖြစ်နေပြီး လက်ကျန်ပွဲနှစ်ပွဲ အနိုင်မကစားနိုင်ရင် ပြိုင်ပွဲမှ ထွက်ရမယ့်အနေအထားရှိပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# အခြေခံပညာကျောင်းပေါင်းစုံ သင်ထောက်ကူပစ္စည်းပြိုင်ပွဲကျင်းပ



**ရေး နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ရေးမြို့ အထက(၁)ကျောင်း ပညာရတနာခန်းမဆောင်၌ မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ (အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း) သင်ထောက်ကူပြုပစ္စည်းပြိုင်ပွဲကို နိုဝင်ဘာ ၂၃ နှင့် ၂၄ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပြခန်းခြောက်ခန်း၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းများအတွက် ဘာသာရပ်များအလိုက် သင်ထောက်အကူပြုပစ္စည်းများကို အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ပြုလုပ်ပြသထားသည်။

ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးအပိုင်းတွင် အထောက်အကူပြုစေမည့် သင်ထောက်ကူပစ္စည်းများကို ဆရာဆရာမများအနေဖြင့် အကျိုးရှိစွာသုံးတတ်စေရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း တီထွင်ဖန်တီးကြံဆတတ်စေရန်ရည်ရွယ်၍ လည်းကောင်း၊ မြို့နယ်အတွင်းရှိ ကျောင်းများမှ ဆရာဆရာမများအနေဖြင့် အသိအမြင်ဖလှယ်ကြပြီး သင်ထောက်ကူပစ္စည်းများ ပိုမိုပြုလုပ်တတ်စေရန်ရည်ရွယ်၍လည်းကောင်း ပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးက ပြောသည်။

ပြိုင်ပွဲဝင် သင်ထောက်ကူပစ္စည်းများကို တီထွင်နိုင်မှုစွမ်းရည်၊ ခေါင်းစဉ်များနှင့် ကိုက်ညီမှု၊ ကုန်ကျစရိတ်သက်သာစေမှုနှင့် ကလေးများစိတ်ဝင်စားမှုစသော အခြေအနေများအပေါ် မူတည်၍ အမှတ်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်ပညာရေးမှူးဦးဆောင်သော အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးငါးဦးတို့က အမှတ်ပေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ၂၀၁၅ ခုနှစ် အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) ပြေးခုန်ပစ်ပြိုင်ပွဲ မြင်းမူမြို့၌ ကျင်းပ

**မြင်းမူ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) ပြေးခုန်ပစ်ပြိုင်ပွဲကို မြင်းမူမြို့ ပြည်သူ့အားကစားကွင်း၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀) အပြေးပြိုင်ပွဲများတွင် အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၃၄ ဦး၊ အလျားခုန်ပြိုင်ပွဲတွင် အမျိုးသား ၂၀၊ အမျိုးသမီး ၃၅ ဦး၊ သံလုံးပစ်ပြိုင်ပွဲတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၇ ဦးနှင့် သံပြားပစ်ပြိုင်ပွဲတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်း၊ မြို့နယ်အား/ကာဦးစီးမှူး ဦးဝင်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးဇော်ဝင်းတို့က ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။



**အောင်စိုးဖေ(ပြန်/ဆက်)**

# မိုးဦးပဲစင်းငုံများဖြစ်ထွန်းသော်လည်း မိုးလယ်ပဲစင်းငုံများ အထွက်နှုန်းလျော့နည်းနိုင်

**မြင်းမူ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ပဲစင်းငုံများကို မိုးဦးနှင့် မိုးလယ်ကာလများတွင် စိုက်ပျိုးကြရာ မိုးဦးတွင်စိုက်ပျိုးခဲ့သော ပဲစင်းငုံများမှာ ဖြစ်ထွန်းမှုအားကောင်းပြီး အထွက်နှုန်းကောင်းနိုင်သော်လည်း မိုးလယ်တွင် စိုက်ပျိုးခဲ့သော ပဲစင်းငုံများမှာ အပင်ဖြစ်ထွန်းမှုအားနည်းလျက်ရှိကာ အထွက်နှုန်းလည်းနည်းနိုင်ကြောင်း သိရသည်။



မြင်းမူမြို့နယ်အတွင်းမှ တောင်သူများသည် ပဲစင်းငုံသီးနှံကို မေလကုန်ပိုင်းမှစတင်၍ မိုးဦးနှမ်းလျင်နှင့် သီးညှပ်စိုက်ပျိုးကြသည်။ ထို့နောက် ဇူလိုင်လအတွင်းတွင် စကမြေပဲနှင့် သီးညှပ်အဖြစ် ထပ်မံစိုက်ပျိုးကြကြောင်း သိရသည်။

ယခုအချိန်တွင် မိုးဦး သီးညှပ်အဖြစ် စိုက်ပျိုးခဲ့သော ပဲစင်းငုံများမှာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကာ ပန်းဖြိုင်ဖြိုင်ပွင့်နေပြီး အထွက်နှုန်းကောင်းမွန်နိုင်ကြောင်း သိရသည်။ ဇူလိုင်လတွင် စကမြေပဲသီးနှံနှင့် သီးညှပ်စိုက်ပျိုးခဲ့သော ပဲစင်းငုံပင်များမှာမူ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မိုးရွာသွန်းမှုလွန်စွာနည်းပါးခဲ့ကာ ရေအလုံ အလောက်မရခဲ့သောကြောင့် အပင်ဖြစ်ထွန်းမှုနည်းပါးနေပြီး အထွက်နှုန်းကျဆင်းနိုင်ကြောင်း တောင်သူများက ခန့်မှန်းထားကြသည်။ မိုးလယ် ပဲစင်းငုံများမှာ အထွက်နှုန်းလျော့နည်းနိုင်သည့်အခြေအနေတွင် လုပ်ခဈေးနှုန်းများ ကြီးမြင့်နေမှုကြောင့် တောင်သူများအနေဖြင့် ရရှိသောပဲစင်းငုံများ ဈေးကောင်းရရန် မျှော်လင့်လျက်ရှိသည်။

**(၀၇၉)**



# ရှမ်းပြည်နယ်၌ ကောက်ရိတ်သိမ်းချိန် ခေါပုတ်လုပ် အလှူပြုသူများပြား

ရှမ်းပြည်နယ်ရှိ ကျေးရွာအများစုတွင် ဆောင်းဦးပေါက် ကောက်သစ်ရိတ်သိမ်းချိန်၌ ခေါပုတ်များပြုလုပ်၍ အိမ်နီးနားချင်း ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အလှူဒါနပြုလုပ်လျက်ရှိကြောင်း သိရသည်။

ခေါပုတ်လုပ်ငန်းသည် ရှမ်းတိုင်းရင်းသားတို့၏ မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ကောက်သစ်ရိတ်သိမ်းချိန်တွင် အိမ်တိုင်းနီးပါး ပြုလုပ်ကြသည်။ ခေါပုတ်ပြုလုပ်ရာတွင် နှမ်းထောင်းနှင့် ရေထောင်းဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး နှမ်းထောင်းသည် အချိန်ကြာမြင့်စွာအထားခံ၍ အနံ့အရသာ ပိုမိုကောင်းမွန်သောကြောင့် ကြိုက်နှစ်သက်သူများပြားကြောင်း သိရသည်။

နှမ်းထောင်းခေါပုတ်ပြုလုပ်ရာတွင် လိုအပ်သော နှမ်းကို ဒေသတွင်း၌ပင် စိုက်ပျိုးရရှိနိုင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသတို့တွင် စိုက်ပျိုးရရှိသည့် ဆီထွက်နှမ်းနှင့် အပင်ပုံသဏ္ဌာန်အနည်းငယ်တူညီမှုရှိသော်လည်း ရှမ်းပြည်နယ်ဒေသထွက် နှမ်းများမှာ နှမ်းလုံးများဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ရှမ်းလူမျိုးတို့သည် ခေါပုတ်ကို ရောင်းတမ်းဝင် အများအပြားပြုလုပ်ပါက ကြိတ်စက်ဖြင့်ကြိတ်၍ ပြုလုပ်ကြပြီး မိသားစုစားသုံးရန်အတွက် ဆုံဖြင့်ထောင်း၍လည်းကောင်း၊ အိတ်အတွင်းထည့်၍ ရိုက်ပုတ်ခြင်းဖြင့်လည်းကောင်းပြုလုပ်ကြသည်။ ခေါပုတ်ရရှိရန် ပထမဦးစွာကောက်ညှင်းဆန်ကိုပေါင်းပြီး နှမ်းထောင်းဆိုပါက နှမ်းလုံးများဖြင့်လည်းကောင်း၊ ရေထောင်းဆိုပါက ရေဖြင့်လည်းကောင်း ထောင်းကြရသည်။ ခေါပုတ်ထောင်းရာတွင် ပေါင်းထားသော ကောက်ညှင်းဆန်များကျေညက်အောင် ထောင်းရသဖြင့် အားစိုက်ရပြီး ခေါပုတ်ထောင်းသူတို့မှာ အလွန်ပင်ပန်းသည်ဟု ဆိုကြသည်။

ခေါပုတ်ထောင်းသူတို့သည် အများအားဖြင့် ချိတ်ခေါ် ကောက်ညှင်းအမည်းကို အသုံးပြုသူပိုများပြီး အဖြူရောင်ကောက်ညှင်းကို သုံးသူနည်းပါးကြသည်။ ခေါပုတ်ကောင်းရရှိရန်အတွက် ထောင်းသူ၏လုပ်အားစိုက်ထုတ်မှု၊ ကျွမ်းကျင်မှု၊ အပင်ပန်းခံနိုင်မှုအပေါ် မူတည်ပြီး နှမ်းထောင်းခေါပုတ်မှာ ရနံ့မွှေးပြီး ရေရှည်အထားခံသည့်အပြင် စားသုံးရာတွင် ပိုမိုအရသာရှိပြီး ရေထောင်းခေါပုတ်မှာ ကြာရှည်ထားလျှင် မှိုတက်တတ်သဖြင့် ကြိုက်နှစ်သက်သူနည်းပါးကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# စလင်းမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးဖွင့်

**စလင်း နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(One Stop Shop)ကို နိုဝင်ဘာ ၂၃ ရက်က စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ ဌာနစိတ်များပါဝင်သည်။ ဌာနစိတ်တစ်ခုစီတွင် တာဝန်ကျဝန်ထမ်းနှစ်ဦးစီထားရှိ၍ ပြည်သူတို့၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးဖွင့်လှစ်လိုက်သဖြင့် စလင်းမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲတွင် စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရှိန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးဟန်ချိုနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**စစ်ကြည်(စလင်း)**

# မုံရွာမြို့တွင် မီနီမာရသွန် အပြေးပြိုင်ပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၄**


စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးစိုက်ရာမြို့နယ်များတွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sport Development Programme-TSDP)အရ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မီနီမာရသွန်ပြိုင်ပွဲကို မုံရွာမြို့ ဗိုလ်ချုပ်ကြေးရုပ်လမ်းဆုံ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါ မီနီမာရသွန်အပြေးပြိုင်ပွဲကို ဗိုလ်ချုပ်ကြေးရုပ်လမ်းဆုံမှ စတင်တာလွှတ်ပြီး ဘူတာလမ်းတစ်လျှောက်မှ ကမ်းနားလမ်း၊ ထို့နောက် မြို့ပတ်လမ်းဆုံမှ မြန်မာ့စီးပွားရေးဘဏ်လမ်းဆုံနှင့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်းပြေး၍ တိုင်းဒေသကြီးအားကစားကွင်းအတွင်းသို့ ပြန်လည်ပန်းဝင်ခဲ့သည်။ အဆိုပါ မီနီမာရသွန်အပြေးပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများကကြီးမှူးပြီး မုံရွာမြို့နယ်အတွင်းမှ အားကစားသမား ၁၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုများအဖြစ် ပထမဆုကျပ်ငါးသောင်း၊ ဒုတိယဆု ကျပ်သုံးသောင်း၊ တတိယဆု ကျပ်နှစ်သောင်းနှင့် နှစ်သိမ့်ဆုအဖြစ် ငါးထောင်ကျပ်ဆု ၂၀ ကို နိုဝင်ဘာ ၂၂ ရက်တွင် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# သဘာဝအလှများနှင့် ရခိုင်ပြည်နယ်၏ ကျက်သရေဆောင် ဘဲငါးရာတောင်



ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မြောက်ဘက် ၁၆ မိုင်ခန့်အကွာရှိ ဘဲငါးရာတောင်သည် ရခိုင်ပြည်ကြီး ဘုန်းမီးနေလတောက်ပပြီး ရခိုင်ဘုရင်များ အုပ်စိုးခဲ့စဉ်အခါက ဘုရင့်ဆေးဉယျာဉ်တောင်တော်ကြီးအဖြစ် သတ်မှတ်ခံခဲ့ရသော တောင်ဖြစ်သည်။ ဒေဝဂန္ဒာရီ၊ ဒေဝပဗ္ဗတ၊ ရခိုင်ပြည်နယ်၏ ဖူဂျီယားမားစသည့် နာမည်များဖြင့်လည်း ထင်ရှားကျော်ကြားသည့် ဘဲငါးရာတောင်တက်ပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော်အထိ ကျင်းပလေ့ရှိသည်။

ဘဲငါးရာတောင်သည် သမိုင်းဝင်တောင်တစ်ခုအဖြစ် ပင်လယ်ရေမျက်နှာပြင်အထက်ပေပေါင်း ၁၃၆၁ပေမြင့်မားသည်။ စစ်တွေ-ရန်ကုန် ကားလမ်းဘေးတွင်ရှိပြီး ပုဏ္ဏားကျွန်းမြို့ မြောက်ဘက် ၁၆ မိုင်ခန့်ကွာဝေးကာ ယိုးတရုတ် စံပြကျေးရွာမှ ၄ မိုင်ခန့်ကွာဝေးသည်။ မိုင်တိုင်အမှတ်(၁၉၂/၃)တည့်တည့်တွင်ရှိသည်။ သဘာဝ သစ်ပင်မျိုးစုံပေါက်ရောက်ပြီး ပရဆေးပင်မျိုးစုံတွေ့ရှိရသော ဒေသတစ်ခုလည်းဖြစ်သည်။ ဤတောင်တော်သည် ရှေးဟောင်းရခိုင်မြို့တော်များဖြစ်သော ဓညဝတီခေတ်မှ ဓညဝတီမြို့၊ မြောက်ဦးခေတ်မှ မြောက်ဦးမြို့များဖြစ်သော မင်းနေပြည်တော်မြို့များနှင့်နီးပြီး ဘုရင်တို့၏ဆေးဉယျာဉ်တော်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ ဘဲငါးရာတောင်ထိပ်သည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ပုပ္ပားတောင်ကဲ့သို့ ကလပ်ပုံသဏ္ဌာန်တည်ရှိနေကြောင်း တွေ့ရသည်။

ဘဲငါးရာတောင်သည် လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရဆန်လှသည်။ တောတောင်ထူထပ်၍ သူတော်စင်သူတော်မြတ်များ၊ ဝိဇ္ဇာဓိုရ်များ၊ ဇော်ဂျီများစသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ကျင့်ကြံအားထုတ်သောနေရာဖြစ်ခဲ့ပြီး ဤတောင်သို့ သစ်ခုတ်၊ ဝါးခုတ်ရန် သွားသူများ ယခုထိတိုင် တစ်ခါတစ်ရံတွေ့ကြုံရ မြင်တွေ့ရသည်။ ရှေးအခါက လသာသောညများတွင် ဤတောင်မှ ငြိမ့်ညောင်းသာယာသော ဂီတသံ တစ်ခါတစ်ရံ ကြားရတတ်သည်ဟု ဆိုကြသည်။ ဤတောင်၏ လျှို့ဝှက်ဆန်းကြယ်မှုများနှင့်ပတ်သက်၍ ကိုယ်တွေ့ခံစားဖူးသော တွေ့ကြုံဖူးသော ဒေသခံ ရခိုင်၊ ခမီး၊ ဒိုင်းနက်တိုင်းရင်းသားများ ဤဒေသတွင် များစွာရှိသည်။ အလွန်ထူးဆန်းအံ့ဩစရာကောင်းသည်မှာ ဘဲသား၊ ဘဲဥစားပြီး တောင်တက်ပါက အန္တရာယ်နှင့်ကြုံတွေ့ရသည်မှာ ယနေ့ထိတိုင်ဖြစ်သည်။ တောင်စောင့်နတ်မကြိုက်ဟု ဒေသခံများကဆိုသည်။ တောင်ထိပ်ပေါ်၌ အေဒီ ၁၅၇၁ တွင် နန်းတက်သော မင်းဖလောင်းဘုရင်က အေဒီ ၁၅၉၁ တွင် တည်ခဲ့သော စေတီတစ်ဆူရှိခဲ့ပြီး ဘဲလက်ဝါး စေတီဟုခေါ်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်နှင့် ကိုယ်ကျိုးရှာ သိုက်သမားတို့၏ ဖျက်ဆီးခြင်းကိုခံခဲ့ရပြီး စေတီမှာ ပြိုပျက်သွားခဲ့ရကြောင်း သိရသည်။ ၂၀၀၂ ခုနှစ်တွင် ကျောက်တော်မြို့နယ် ဦးဒေါင်းတောင်ဆရာတော် ဦးစီးပြီး ရဟန်း၊ ရှင်၊ လူပြည်သူများက ဘဲငါးရာတောင်ထိပ်ပေါ်တွင် စေတီသုံးဆူနှင့် ဗုဒ္ဓဆင်းတုတော်တစ်ဆယ့်တစ်ဆူကို တည်ထားပူဇော်လျက်ရှိသည်။ ထို့ပြင် ဓမ္မာရုံများ၊ တည်းခိုဆောင်များကိုလည်း ဆောက်လုပ်ထားရှိသည်။

